NAMATI
INNOVATIONS IN LEGAL EMPOWERMENT

ဧပြီလ ၂၀၁၆ခုနှစ်

# မြန်မာနိုင်ငံတွင်မြေယာအခွင့်အရေးနှင့် စပ်လျဉ်းသည့် ကျားမဖြစ်တည်မှု ရှုထောင့်: ဥပဒေရေးရာအထောက်အကူပြုသူများ၏ လေ့လာမှုမှရရှိလာသည့် တွေ့ရှိချက်

*မြန်မာပြည်သူပြည်သားများ၏ မြေအခွင့်အရေးပြုပြင်ပြောင်းလဲဖော်ဆောင်မှု နှင့် ဇန်နဝါရီလ ၂၀၁၆ တွင်ထွက်ရှိထားသောအမျိုးသားမြေအသုံးချမှုမူဝါဒအသစ်လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်းစဉ်များအတွက်Namatiအဖွဲ့မှယခုမူဝါဒအကျဉ်းချုပ်အားမြန်မာပြည်သူပြည်သားများ၏ကိုယ်တွေ့ အဖြစ်အပျက်များအားအခြေခံ၍ရေးသားခြင်းဖြစ်သည်။ Namati အဖွဲ့ နှင့် တွဲဖက်လုပ်ဆောင်နေသော မိတ်ဖက်အဖွဲ့အစည်းများသည် မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြကုန်သော တောင်သူလယ်သမားများ၏ မြေအခွင့်အရေးနှင့်ပတ်သက်၍ရပ်ရွာလူထုအခြေပြုဥပဒေအထောက်အကူပြုသူများခန့်အပ်ခြင်းနည်းလမ်း ဖြင့်ကူညီပံ့ပိုးပေးပါသည်။ရပ်ရွာလူထုအခြေပြုဥပဒေရေးရာအထောက်အကူပြုသူများအားမြေအခွင့်အရေး များနှင့်စပ်လျဉ်းသည့်ပြဿနာအမျိုးမျိုးကိုတောင်သူလယ်သမားများနှင့်အတူတကွလက်တွဲကာဖြေရှင်းနိုင် ရန်အလို့ငှာသက်ဆိုင်ရာဥပဒေများ၊ရပ်ရွာဆွေးနွေးပွဲများ၊စေ့စပ်ညှိနှိုင်းရေးနှင့် ကြားဝင်ဖြန်ဖြေရေးဆိုင်ရာ စွမ်းရည် များကို လေ့ကျင့် သင်ကြားပေးထားပါသည်။ အဆိုပါ ပြဿနာရပ်တစ်ခုစီ ဖြေရှင်းမှုလုပ်ငန်းစဉ်၏ တစိတ်တ ပိုင်းအဖြစ် အချက်အလက်များစွာကို မှတ်တမ်းတင်ထားပြီး ဥပဒေဘောင်အတွင်း လက်တွေ့တွင် မည်သို့ လုပ်ဆောင်သင့်သည်ကို ဖော်ပြထားပါသည်။ ဤမူဝါဒဖော်ပြချက် အကျဉ်းချုပ်တွင် လေ့လာမှု အချက်အလက်များအားထည့်သွင်းရေးသားထားပါသည်။အလေးထားရွေးချယ်အုပ်စုဖွဲ့ခြင်းနှင့်ဥပဒေ အထောက်အကူပြုသူများနှင့်အမှုသည်များအားတွေ့ဆုံမေးမြန်းခြင်းသည်အရည်အသွေးပြည့်ဝသော ထင်မြင်ယူဆချက် နှင့် အသေးစိတ်လေ့လာမှုကို ပံ့ပိုးမှုဖြစ်စေပါသည်။*

*Namatiအဖွဲ့မှမြန်မာအစိုးရ၏အသစ်ထွက်ရှိထားသောအမျိုးသားမြေအသုံးချမှု မူဝါဒ အကောင်အထည်ဖော် ဆောင်ရွက်ရေးလမ်းစဉ်များတွင်မြေအသုံးချမှုစီမံခန့်ခွဲမှုနှင့်မြေယာပိုင်ဆိုင်မှုအခွင့်အရေးတွင်အမျိုးသမီးများ ပါဝင်မှုပိုမိုပေါ်ပေါက်လာစေရန်အကြံပြုရေးသားတင်ပြခြင်းဖြစ်သည်။ထို့အပြင်ရပ်ရွာလူထုအခြေပြုဥပဒေ ရေးရာအထောက်အကူပြုသူများထားရှိခြင်းပုံစံအားစိတ်ဝင်စားသောအရပ်ဘက်အဖွဲ့အစည်းများနှင့် အမျိုးသမီး ရပ်ရွာလူထုအခြေပြု ဥပဒေရေးရာ အထောက်အကူပြုသူများ တိုင်းပြည်တွင် ပိုမိုပေါ်ပေါက်ကာ အမျိုးသမီးများစွမ်းဆောင်မှုမြှင့်တင်ပေးနိုင်ရန်ဤမူဝါဒအကျဉ်းချုပ်အား အကြံပြုရေးသားပြုစုခြင်းဖြစ်သည်။*

# ၁. ဥပဒေသည်ဘက်လိုက်မှုမရှိပါ။ သို့သော် ဥပဒေအားလိုက်နာ ကျင့်သုံးတာဝန်ထမ်းဆောင်နေသည့် အမှုထမ်းများ အများစုသည် အမျိုးသားများ ဖြစ်နေပါသည်။

**ဥပဒေအရ...**

လယ်ယာမြေဥပဒေသည် မြေယာနှင့်ပစ္စည်းပိုင်ဆိုင်မှုတို့နှင့် စပ်လျဉ်းသည့်အကြောင်းအရာများတွင် ကျား၊မ ခွဲခြားမှု မရှိပါ။

၂၀၁၂ လယ်ယာမြေဥပဒေ၊ အခန်း ၂၊ အပိုဒ် ၆တွင်
*"မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေ အာဏာတည်သည့်နေ့ရက်တွင် တည်ရှိနေသော လယ်ယာမြေများနှင့် စပ်လျဉ်း၍ အောက်ပါလူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား သက်ဆိုင်ရာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့နယ်ဦးစီးဌာနရုံးတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ကြေးပေးဆောင်စေ၍ မှတ်ပုံတင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရမည်-(က)လူပုဂ္ဂိုလ်ဖြစ်ပါက-(၁)လယ်ယာမြေကိုအသုံးပြုခွင့်ရရှိထားသောထိုအိမ်ထောင်စုသည်တောင်သူလယ်သမားအိမ်ထောင်သားစု သို့မဟုတ် အိမ်ထောင်သားစုဝင် ဖြစ်ရမည်။"* ဟုဖော်ပြပါရှိပါသည်။ အထက်ပါဖော်ပြချက်တွင် အိမ်ထောင်ဦးစီးအား အိမ်ထောင်စုဝင်ထက် ပိုမိုဦးစားပေးခြင်းရှိသည်ကိုမတွေ့ရသကဲ့သို့ သတ်မှတ်ထားသည့် ကျား၊ မ ကိုမှ ပေးရမည်ဟုလည်း ဖော်ပြ ထားခြင်းမရှိပါ။ ထုံးတမ်း စဉ်လာအရ အိမ်ထောင်ဦးစီးဖြစ်သူ အမျိုးသားကိုသာ မြေယာမှတ်ပုံတင်ရန် ညွှန်ကြားသည့်အခါ အဆိုပါအချက်သည် ဥပဒေ၏ဖော်ပြချက်နှင့် ကိုက်ညီမှုမရှိသည်ကိုတွေ့ရသည်။ မကြာခဏ ကြားနေရသည့် ကိစ္စရပ်တစ်ခုမှာ အဆိုပါ လုပ်ငန်းစဉ်၏ တစိတ်တပိုင်းအဖြစ် ဖြည့်စွက်ရသောပုံစံများတွင် အိမ်ထောင်ဦးစီးကသာလျှင်ဖြည့်စွက်ရမည်ဟုဖော်ပြထားသည်ဟုဆိုပါသည်။၎င်းအချက်သည်မမှန်ကန်ပါ။အဘယ်ကြောင့်ဆိုသော်လက်မှတ်ထိုးရန်နေရာလွတ်အောက်တွင်"လျှောက်ထားသူ၏အမည်"ဟုသာဖော်ပြထားရှိသည်ကိုတွေ့ရှိရပါသည်။

၂၀၁၆ ဇန်နဝါရီလတွင် မြန်မာဘာသာဖြင့် ထုတ်ပြန်ထားသော အမျိုးသား မြေအသုံးချမှု မူဝါဒ၏ အပိုင်း ၉ တွင် အမျိုးသားနှင့် အမျိုးသမီးများ၏ တန်းတူညီမျှ အခွင့်အရေးများကို ဖော်ပြထားပါသည်။ ပုဒ်မ ၇၅ တွင် *"အမျိုးသားမြေဥပဒေသစ်ပြဋ္ဌာန်းရာတွင်မြေလုပ်ပိုင်ခွင့်နှင့်မြေစီမံခန့်ခွဲမှုတို့နှင့်စပ်လျဉ်း၍ အမျိုးသားနှင့်အမျိုးသမီးများသည်အောက်ပါအခွင့်ရေးများကို တန်းတူရရှိစေရန် ပြဋ္ဌာန်းရမည် - (က) မြေကိုတစ်ဦးတည်းအမည်ပေါက်ထားရှိခွင့်၊ ပူးတွဲအမည်ပေါက်ထားရှိခွင့်နှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်၊;...(ဂ) မြေလုပ်ပိုင်ခွင့်နှင့်မြေစီမံခန့်ခွဲမှုဆိုင်ရာ အမွေဆက်ခံခွင့်၊ (ဃ)ခင်ပွန်း သို့မဟုတ် ဇနီးကွယ်လွန်သည့်အခါ တွင်ဖြစ်စေ၊ ပစ္စည်းခွဲဝေရာတွင်ဖြစ်စေ၊လင်မယားကွာရှင်းရာတွင်ဖြစ်စေ၊မြေလုပ်ပိုင်ခွင့်နှင့်မြေစီမံခန့်ခွဲမှုကိုဆက်ခံခွင့်၊ (င)တိုင်ရင်းသားလူမျိုးစုများ၏ရိုးရာဓလေ့ထုံးတမ်းစဉ်လာကျင့်သုံးမှုနှင့်စနစ်များအပါအဝင်နိုင်ငံသားအားလုံး၏မြေလုပ်ပိုင်ခွင့်၊မြေလွှဲပြောင်းမှုနှင့်ဆက်ခံမှုအခွင့်အရေးများဆိုင်ရာအငြင်းပွားမှုများကိုဆုံးဖြတ်ရာတွင် ပါဝင်ဆောင်ရွက်နိုင်ခွင့်နှင့် လူအဖွဲ့အစည်းကို ကိုယ်စားပြုပိုင်ခွင့်၊"* အားဖော်ပြထားပါသည်။ ထို့အပြင်

ပုဒ်မ ၇၆တွင် "အထက်အပိုဒ်*၇၅ပါ အခွင့်အရေးတို့ကို ရရှိခံစားနိုင်ရန် ဆောင်ရွက်နိုင်ရေးအတွက် ရပ်မိရပ်ဖများ၊အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့်အခြားအဖွဲ့အစည်းများကအကူအညီပေးနိုင်ရန်ဆောင်ရွက်ပေးရမည်။"* ဟုဖော်ပြထားပါသည်။

အမျိုးသားမြေအသုံးချမှုကောင်စီသည်မြေယာအသုံးချမှုကော်မတီများကိုပြည်နယ်နှင့်တိုင်းတစ်ခုစီတိုင်းတွင် ဖွဲ့စည်းမည်ဖြစ်ရာၡင်းတွင်အမျိုးသမီးအဖွဲ့ဝင်များပါဝင်ရမည်ဟုအမျိုးသားမြေအသုံးချမှုမူဝါဒက အတည်အလင်းဖော်ပြထားပါသည်။ထည့်သွင်းဖော်ပြထားခြင်းဖြင့်အမှန်တကယ်အကောင်အထည်ဖော် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် မသေချာသေးသော်လည်း အဆိုပါအချက်သည် လိုအပ်သောထားရှိရမည့် အကြောင်းအရာဖြစ်ပြီး ကောင်းမွန်သော ခြေလှမ်းတစ်ခုဖြစ်လာမည်ဟု ယူဆပါသည်။

အမျိုးသား မြေအသုံးချမှုမူဝါဒ ပုဒ်မ ၆၂ တွင်ရှင်းလင်းစွာ ဖော်ပြထားသည်မှာ- "*ထိုက်သင့်သော တံဆိပ်ခေါင်းခွန်များကို ပြန်လည်သုံးသပ်၍ ပြင်ဆင်ခြင်းနှင့် ကောက်ခံခြင်းပြုနိုင် ရေးအတွက် - (ဃ)မြေအသုံးချသူ၏ အိမ်ထောင်ဖက်ကို မှတ်ပုံတင်မှတ်တမ်းတွင် စာရင်းဖြည့်သွင်းခြင်း၊ အမွေဆက်ခံခြင်း သို့မဟုတ် လက်ရှိမှတ်ပုံတင်ထားသည့် မြေအသုံးပြုသူ၏ မိသားစုဝင်တစ်ဦးဦး သို့ ပေးကမ်းခြင်းပြု၍ မြေအသုံးချမှုအခွင့်အရေး လွှဲပြောင်းရာတွင် ထိုက်သင့်သောတံဆိပ်ခေါင်းခွန် ကင်းလွတ်ခွင့်ပြုနိုင်သည့် လုပ်ထုံးလုပ်နည်းများကိုပြင်ဆင်နိုင်ရေးအတွက်သက်ဆိုင်ရာဝန်ကြီးဌာနများ နှင့် ညှိနှိုင်းဆောင်ရွက်ရမည်၊"*

ဖော်ပြပါ အမျိုးသားဥပဒေများနှင့် မူဝါဒများအပြင် မြန်မာနိုင်ငံသည် အမျိုးသမီးများအား ပုံစံမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများကိုပပျောက်စေရေးဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ်(CEDAW)ကိုလက်မှတ် ရေးထိုးထားသည့်နိုင်ငံဖြစ်ပါသည်။ထိုကြောင့်မြန်မာအစိုးရအနေဖြင့်၎င်း၏တိုင်းဒေသကြီးများနှင့် ပြည်နယ်များအားလုံးတွင်အမျိုးသမီးများအားခွဲခြားဆက်ဆံမှုများကင်းစင်ပပျောက်စေရန်တက်ကြွစွာ အကောင်အထည်ဖော်ဆောင်ရန် တာဝန်ရှိပါသည်။ CEDAW ပါပုဒ်မ ၁၆ တွင် *အမွေဆက်ခံပိုင်ခွင့်နှင့် ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ မိသားစုနှင့် နေအိမ်တွင်း အမျိုးသမီးများ အပေါ်ခွဲခြားဆက်ဆံမှု ပပျောက်စေရန် အစိုးရ၏တာဝန်ဖြစ်သည်ဟု* အသေးစိတ်ဖော်ပြထားပါသည်။

**မြန်မာနိုင်ငံတွင် အိမ်ထောင်ဦးစီး အဓိကအုပ်ချုပ်သောဝါဒ ဆက်လက်အားကောင်းနေခြင်း ...**

အမျိုးသမီးများသည် အိမ်ထောင်စုအတွင်း၊ လူ့အဖွဲ့အစည်းအတွင်း နှင့် အစိုးရအဖွဲ့အစည်းများအတွင်းတွင် အမျိုးသားအများစု ကြီးစိုးနေသောစနစ် အောက်တွင် မြေအခွင့်အရေးများ တောင်းဆိုနေရပါသည်။ မတ်လ ၂၀၁၆တွင် ဖော်ပြထားသော အစိုးရဌာနများအတွင်းနေရာရယူထားမှု အနေအထားကို ခြုံငုံသုံးသပ်ပါက ဆုံးဖြတ်ချက်ချသည့် အဖွဲ့အစည်းများအတွင်း အမျိုးသမီးများ၏ကိုယ်စားပြုမှုသည် နိမ့်ကျနေကြောင်း တွေ့ရှိရပါသည်။

| အစိုးရအဆင့် | ရာထူး | အမျိုးသမီးစုစုပေါင်း |
| --- | --- | --- |
| အမျိုးသားအဆင့် | ဝန်ကြီးများ[1] | ၅.၀၀% |
| | လွှတ်တော်ကိုယ်စားလှယ်များ | ၉.၇၀% |
| ပြည်နယ်နှင့် တိုင်းဒေသကြီး | ဝန်ကြီးများ | ၂.၃၇% |
| | လွှတ်တော်ကိုယ်စားလှယ်များ | ၁၂.၈၀% |
| မြို့နယ် | အုပ်ချုပ်ရေးမှူးများ | ၀.၀၀% |
| ရပ်ကွက်/ကျေးရွာအုပ်စု | အုပ်ချုပ်ရေးမှူးများ[2] | ၀.၂၅% |
| အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ပြန်တမ်းဝင်အရာရှိ | ၁၁.၀၀% |
| | ပြန်တမ်းဝင်မဟုတ် သောအရာရှိ | ၃၅.၀၀% |

ဒေသန္တရအဆင့်တွင် အစိုးရရာထူးများ၌ အမျိုးသမီးများပါဝင်မှုမရှိခြင်းသည် အလေးအနက်ထားသင့်သည့် အချက်ဖြစ်ပါသည်။ မြန်မာနိုင်ငံ ရှိ မြို့နယ် ပေါင်း ၃၃၀ တွင် မြို့နယ်အမျိုးသမီးအုပ်ချုပ်ရေးမှူး တစ်ဦးမျှပင် မရှိပါ။ ကျေးရွာအုပ်စု/ရပ်ကွက်အုပ်ချုပ်ရေးမှူး[3] စုစုပေါင်း ၁၆၇၈၅ ဦးအနက် အမျိုးသမီးဦးရေသည် ၄၂ ဦးသာရှိပါသည်။

လုပ်ငန်းအရဆုံးဖြတ်ချက်ချမှတ်သည့်ရာထူးနေရာများတွင်အမျိုးသမီးများမပါဝင်ခြင်းသည်မြောက်မြားစွာ သောပြဿနာအမျိုးမျိုးဖြစ်ပေါ်စေနိုင်သည်။ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)ကမကြာသေးမီကရေးသား ထားသော "အမျိုးသမီးများနှင့် ဒေသအတွင်းခေါင်းဆောင်မှု"[4] တွင် ဒေသခံအမျိုးသားများနှင့် အမျိုးသမီးခေါင်းဆောင်များသည်၎င်းတို့၏အလုပ်အပေါ်အဓိကထားလုပ်ဆောင်မှုများကွဲပြားခြင်းအား ဖော်ပြထားပါသည်။အမျိုးသမီးကျေးရွာအုပ်စု/ရပ်ကွက်အုပ်ချုပ်ရေးမှူးများသည်ပြဿနာဖြေရှင်းခြင်း တာဝန်ဝတ္တရားနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အာရုံစိုက်ချိန်တွင် အမျိုးသား ကျေးရွာအုပ်စု/ရပ်ကွက် အုပ်ချုပ်ရေးမှူးများသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအပိုင်းတွင် တာဝန်ယူ၍ အဓိက အာရုံစိုက်ကြပါသည်။ အဆိုပါရာထူးအများစုတွင်အမျိုးသားများကနေရာယူထားခြင်းအားခြုံငုံသုံးသပ်ရသော် ဖွံ့ဖြိုးတိုးတက်ရေးနှင့်

[1]ဒေါ်ခင်စန်းရီသည်ပညာရေးဝန်ကြီးဌာန၊သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နှင့် လူမှုဖူလုံရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ၏ ဝန်ကြီးတာဝန်ယူထားသည်။

[2]ဖော်ပြပါ ကိန်းဂဏန်းများသည် ၂၀၁၂-၂၀၁၃ တွင်ရွေးချယ်ထားသော အရေအတွက်ဖြစ်သည်။ ဒုတိယအကြိမ် ရပ်ကွက်၊ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ခြင်းအား ဇန်နဝါရီ ၂၀၁၆ တွင် ရွေးချယ်ရန်ယာထားသည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် မတ်လ ၂၀၁၆ လကုန်ပိုင်းအထိ အချိန်တိုးမြှင့် ရွေ့ဆိုင်းရွေးချယ်မည်ဖြစ်သည်။

[3]ရပ်ကွက်၊ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှာ အိမ်ထောင်ဦးစီးများမှတစ်ဆင့်ရွေးချယ်တင်မြောက်ပါသည်။ (များသောအားဖြင့် အမျိုးသားများဖြစ်သည်။) ၎င်းတို့သည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပံ့ပိုးထောက်ပံ့မှုကို ရရှိပြီး မြို့နယ်အုပ်ချုပ်ရေးမှူးမှ ထုတ်ပယ်မှု ခံရနိုင်သည်။

[4] Emilie Röelle, UNDP Myanmar 2015, *Women and Local Leadership.*

ပြဿနာဖြေရှင်းခြင်းအပေါ် အာရုံထားမှုလျော့ကျပြီး ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအပိုင်းတွင်သာ အဓိကထား လုပ်ဆောင်နိုင်သည်ကိုတွေ့နိုင်သည်။ အဆိုပါမညီမျှမှုအချက်သည် မြေယာအခွင့်အရေး အပါအဝင် အခြားကိစ္စရပ်များဖြေရှင်းဆောင်ရွက်ရာတွင်အစိုးရနှင့်ရပ်ရွာပြည်သူလူထုကြားတွင် အဓိကဝင်ရောက် နှောက်ယှက်မှု နှင့် အခက်အခဲဖြစ်စေနိုင်ပါသည်။ ကျေးရွာအုပ်စု၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးများသည် မြေမှတ်ပုံတင်ခြင်းနှင့်အခြားသောမြေယာနှင့်သက်ဆိုင်သည့်အကြောင်းကိစ္စများတွင် မြို့နယ်အာဏာပိုင် များအားကူညီပံ့ပိုးပေးသူများဖြစ်ကြပါသည်။အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအတွင်းလုပ်ဆောင်နေသော ကဏ္ဍကြီး ရှစ်ခုအနက် မြေယာစီမံခန့်ခွဲမှုတွင် အမျိုးသားအဆင့်မှ သည် ဒေသန္တရအဆင့်တိုင်အောင် ဝန်ထမ်းများခန့်အပ်ရာတွင် အမျိုးသားများသာ အလေးထားခန့်အပ်လျှက် ရှိသည်။

လူ့အဖွဲ့အစည်းတိုင်း၏ ဆုံးဖြတ်ချက်ချမှတ်မှုအပိုင်းတွင် ကျား၊မ တန်းတူညီမျှမှု ရရှိခြင်းသည် အမျိုးသား၊ အမျိုးသမီးများ၏ လိုအပ်ချက်များနှင့် အတွေ့အကြုံ အမျိုးမျိုးကို အောင်မြင်စေရန် ဖော်ဆောင်ပေးရသည့် မူဝါဒဖော်ဆောင်ရေးတွင် အလွန်အရေးပါသော အခန်းကဏ္ဍ တွင်ပါဝင်သည်။ အစိုးရအဖွဲ့အစည်းများတွင် အမျိုးသမီးများ ဟန်ပြ ပါဝင်ခြင်းသည် အမျိုးသမီးများ၏ အကျိုးစီးပွားကို အမှန်အကန် ကိုယ်စားပြုသည် ဟုမဆိုနိုင်ပါ။ ဥပမာ-အိန္ဒိယမှ သုတေသနစာတမ်းတစ်ခုအရ အစိုးရရာထူးများတွင် အစိုးရအရာရှိများ၏ ကျားမဖြစ်တည်မှုသည်ထိုဝန်ထမ်းများ၏ပြည်သူအပေါ် ဝန်ဆောင်မှုပေးမှုအပိုင်းတွင်သက်ရောက်မှု ရှိပါသည်။ ဥပမာ ဆိုရလျှင် ဦးဆောင်သူများသည် ၎င်းတို့၏ ကျားမဖြစ်တည်မှု၏ လိုအပ်ချက်များနှင့် တိုက်ရိုက်သက်ဆိုင် သည့် အကြောင်းအရာများတွင် ပိုမိုအလေးထားဖြေရှင်းဆောင်ရွက်ကြပါသည်။ [5]

မြန်မာနိုင်ငံတွင် လူဦးရေ၏ ၇၀%သည် မိမိအသက်မွေးဝမ်းကျောင်းမှုဘဝအတွက် စိုက်ပျိုးရေးအပေါ်တွင် မှီခိုနေရသောကြောင့်အမျိုးသမီးများသည်မြေပိုင်ဆိုင်သူများနှင့်မြေစီမံခန့်ခွဲရေးတွင်ဆုံးဖြတ်ချက်ချမှတ်သူ များ အဖြစ် အခွင့်အရေးတန်းတူညီမျှရရှိသင့်ပါသည်။

# ၂. လက်ရှိမြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်သည် ဥပဒေပါ မြေယာပိုင်ဆိုင်မှု အခွင့်အရေး မမျှတမှုအား ဖြစ်စေခြင်း

မြန်မာနိုင်ငံတွင် Namati အဖွဲ့၏ ဒေသခံတောင်သူလယ်သမားများ မြေယာနှင့်ပတ်သက်သော အခွင့်အရေးအပြည့်အဝ ရရှိစေရေး စီမံကိန်းတွင် လေ့လာတွေ့ရှိသော အချက်အလက်များအရ အမျိုးသမီးအမှုသည်များနှင့် အမျိုးသား အမှုသည်များ ၎င်းတို့၏ မြေနှင့်ပတ်သက်သော အခွင့်အရေးများ အား တောင်းဆိုရာတွင် တူညီသော အချက်အလက် နှင့် အတွေ့အကြုံများ တွေ့ရှိရသည်။

- အမှုများ၏ ၇%တွင်အမျိုးသမီးအမှုသည်များနှင့် အမျိုးသားအမှုသည်များသည် တရားမဝင်ငွေကြေးများ ပေးနေရပါသည်။

[5] Raghabendra Chattopadhyay and Esther Duflo, Econometrica 2004, *Women as Policy Makers: Evidence from a Randomized Policy Experiment in India.*

- အမျိုးသမီးအမှုသည်များနှင့်အမျိုးသားအမှုသည်များသည်တူညီသောအမှုအမျိုးအစားများအား များသောအားဖြင့် တူညီသောနှုန်းထားဖြင့် လျှောက်ထားကြပါသည်။ လယ်ယာမြေ မှတ်ပုံတင်ခြင်း (အမျိုးသမီးများ၇၉%၊အမျိုးသားများ၈၂%)၊ မြေလွတ်၊မြေလပ်၊မြေရိုင်းမှတ်ပုံတင်ခြင်း (အမျိုးသမီး၊ အမျိုးသား၊နှစ်မျိုးစလုံး ၉%)၊ မြေယာ သိမ်းဆည်းမှုကို ပြန်လည်ဖြေရှင်းခြင်း (အမျိုးသမီးများ ၇%၊အမျိုးသားများ ၄%)
- အမျိုးသမီးအမှုသည်များနှင့်အမျိုးသားအမှုသည်များသည်အမှုများအားဆက်လက်မလုပ်ဆောင်လို သောနှုန်းထား အတူတူရှိကြောင်းတွေ့ရှိရသည် (၅.၇%)။ ဆိုလိုချက် - အမှုများ၏ ၅.၇% တွင် အမှုသည်များသည်(အမျိုးသမီး၊အမျိုးသားနှစ်မျိုးစလုံး) အမှုမပြီးခင် ဥပဒေရေးရာအထောက်အကူပြုသူ ၏ ဖုန်းခေါ်ဆိုမှုကို ပြန်လည်ဖြေကြားခြင်းမရှိတော့ပါ။
- အမျိုးသမီးအမှုသည်များနှင့်အမျိုးသားအမှုသည်များသည်အစိုးရရုံးများသို့နောက်ဆက်တွဲ သွားရောက်မှု ပျမ်းမျှ အကြိမ်ရေအားဖြင့် သုံးကြိမ်ရှိပါသည်။




သို့ရာတွင် အခြားထူးခြားသော ကွဲပြားခြားနားမှုများစွာ ရှိပါသည်။ အထင်ရှားဆုံးအချက်မှာ အမျိုးသမီးများ နှင့် အမျိုးသားများ အနေဖြင့် မြေယာမှတ်ပုံတင်ရန် အကူအညီတောင်းခံသည့် နှုန်းသည် ကွာခြားပါသည်။ ဥပဒေအထောက်အကူပြုသူထံတွင် မြေယာမှတ်ပုံတင်ရန် အကူအညီတောင်းခံရာတွင် ၈၀% သည် အမျိုးသားအမှုသည်များဖြစ်သည်။ အဆိုပါအရည်အသွေးပိုင်းဆိုင်ရာသက်သေခံချက်များအရမြန်မာနိုင်ငံ တွင် အမျိုးသားများသည်သာ မြေအခွင့်အရေးကို အများဆုံးဆုပ်ကိုင်ထားသူများအဖြစ်တွေ့ရှိရပါသည်။ အမျိုးသား အမှုသည်များ၏ ၈၇% သည် အိမ်ထောင်သည်များဖြစ်ပြီး အဆိုပါ အမျိုးသားများကပင် လက်ရှိအိမ်ထောင်စုအတွင်းတရားဝင်ပိုင်ဆိုင်မှုအထောက်အထားလက်ဝယ်ကိုင်ဆောင်ရရှိသူများ ဖြစ်သည်။ အဖွဲ့၏ရည်မှန်းချက်ထားလုပ်ဆောင်နေသောဒေသများတွင် ပျမ်းမျှအားဖြင့် အမှုအမျိုးအစား အားလုံးတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပိုမိုသော မြေကေအား တောင်းဆိုကြသည်

(ပျမ်းမျှအားဖြင့် တစ်ကေပိုမိုသည်)။[6] အထက်ဖော်ပြပါ အချက်အလက်များအရ လက်ရှိကျင့်သုံးနေသော မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များတွင် မြေယာအခွင့်အရေးနှင့်ပတ်သက်သည့် ကျား၊မ မညီမျှစွာပါဝင်မှု အမြောက်အများဖြစ်စေနိုင်သည်။အဆိုပါအချက်သည်မြန်မာနိုင်ငံ၏ဒီမိုကရေစီလမ်းကြောင်းသို့ဦးတည်နေသော လုပ်ငန်းစဉ်တွင် အမျိုးသမီးများအတွက် ဥပဒေရေးရာအခွင့်အရေး ရရှိမှု နှင့် တောင်းဆိုမှုများတွင် ပြင်းထန်ဆိုးဝါးသော ရေရှည်နောက်ဆက်တွဲသက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်သည်။

# ၃. ပူးတွဲ မြေယာမှတ်ပုံတင်ခြင်းအား တရားဝင်လျှောက်ထားနိုင်သော်လည်း လက်တွေ့တွင် လိုက်နာကျင့်သုံး လုပ်ဆောင်မှု နည်းပါးခြင်း

လယ်ယာမြေဥပဒေ၂၀၁၂တွင်လယ်ယာမြေပူးတွဲအမည်ပေါက်မှတ်ပုံတင်ခြင်းအားမတားမြစ်ထားသော်လည်း တောင်သူအများစုသည် အိမ်ထောင်ဦးစီးသာလျှင် (များသောအားဖြင့် အမျိုးသားများ) မြေယာမှတ်ပုံတင်နိုင်သည်ဟု ထင်မြင်နေကြပါသည်။ ၂၀၁၆ ဇန်နဝါရီ တွင် ထုတ်ပြန်သော အမျိုးသားမြေအသုံးချမှုမူဝါဒတွင်သာပူးတွဲမြေယာမှတ်ပုံတင်ခြင်းအားခွင့်ပြုသည့်အကြောင်းကိုရှင်းလင်းစွာဖော်ပြထားပါသည်။ယနေ့အထိNamatiမှလုပ်ဆောင်နေသောလယ်ယာမြေမှတ်ပုံတင်ခြင်းအမှုစုစုပေါင်း၏ အနည်းငယ်သော၄%တွင်သာပူးတွဲမြေယာမှတ်ပုံတင်ခြင်းအားတွေ့ရှိရပါသည်။ပြီးခဲ့သည့်နှစ်အတွင်းပူးတွဲမြေယာမှတ်ပုံတင်ခြင်း အမှုများအား လျှောက်ထားသည့်နေ့မှ စ၍ လက်ရှိအထိ ရက်ပေါင်း ၃၃၀ ခန့်အထိတိုင်ကြာမြင့်နေပြီးတစ်ဦးချင်းမြေယာမှတ်ပုံတင်ခြင်းအမှုများအားလက်ရှိအထိရက်ပေါင်း ၂၃၅ ခန့်ကြာမြင့်နေသောကြောင့်လုပ်ဆောင်ပေးနေသောသက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများအတွင်းတွင်ပူးတွဲမြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်အား သေချာစွာနားမလည်ဘဲ ရှုပ်ထွေးတွေဝေနေသည်ဟု ယူဆရပါသည်။ ထို့အပြင် ပူးတွဲမြေယာမှတ်ပုံတင် လျှောက်ထားမှုများ အနက်မှ အမှု ၂ မှုသာလျှင် ပုံစံ-၇ (လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်)ကိုအောင်မြင်စွာရရှိခဲ့ပြီးကျန်ရှိသောပူးတွဲအမည်ပေါက်လျှောက်ထားမှုများမှာတစ်ဦးတည်း မြေယာမှတ်ပုံတင်ခြင်းရာပေါင်းများစွာအောင်မြင်သကဲ့သို့လုပ်ဆောင်မှုပိုင်းတွင်မြန်ဆန်မှုမရှိဘဲစောင့်စားနေရဆဲဖြစ်ပါသည်။

[6] Namati အဖွဲ့သည် ပဲခူးတိုင်း၊ဧရာဝတီတိုင်း၊ကယားပြည်နယ်၊မကွေးတိုင်း၊မွန်ပြည်နယ်၊စစ်ကိုင်းတိုင်း နှင့် ရှမ်းပြည်နယ်တို့တွင် စီမံကိန်းလုပ်ငန်းများလုပ်ဆောင်ပြီး အချက်အလက်များ ကောက်ယူပါသည်။ မွန်ပြည်နယ်ရှိ အမျိုးသမီးများသည် အမှုတစ်ခုချင်းစီတွင် မြေဧက လျှောက်ထားသည့် ပမာဏသည် မြင့်မားသည်။ သို့သော် လျှောက်ထားသော အရေအတွက်နည်းပါးခြင်းကြောင့် အဆိုပါ အရေအတွက်အား ချန်လုပ်ထားခဲ့သည်။

မျှတစွာပူးပေါင်းဆောင်ရွက်သူများ

ဒေါ်တင်ကြည်နှင့် ဦးပေါတို့၏ လက်ထပ်မှုသည် ထူးခြားလှသည်။ ၎င်းတို့၏ ပထမ အိမ်ထောင်ဖက်များသည် ဆုံးပါးသွားကြပြီး ထိုအိမ်ထောင်ဖက်ကိုယ်စီနှင့် ရရှိလာသောသားသမီးများအား ကိုယ်တိုင်ကျွေးမွေးစောင့်ရှောက် ကာ အင်းလေးကန်အနီး ညောင်ရွှေမြို့ပြင်တွင်နေထိုင်ပါသည်။ ၎င်းတို့တွင် လက်ထပ် စာချုပ်မရှိပါ။ လက်ထပ်ပြီးသော်လည်း သူတို့အသက်အရွယ်အရ လက်ထပ်စာချုပ် မလိုအပ်ဟု ယူဆထားပါသည်။ လင်မယားနှစ်ဦးစလုံး ပင်ပင်ပန်းပန်း အလုပ်လုပ်ပြီး မြေ ၃ ဧကကို ဝယ်ယူခဲ့ပါသည်။ မြေကိုမှတ်ပုံတင်ရမည်ဟု ကြားသိသောအခါ သူတို့နှစ်ဦးစလုံးနှင့် ၎င်းတို့၏ သားသမီးများအတွက် မျှတစေရန် မည်သို့ မှတ်ပုံတင်ရမည်ဟူသည့် ရှုပ်ထွေးသည့် ဆွေးနွေးမှုကို စတင်ခဲ့ပါသည်။

လက်ထပ်ပြီးနောက်ပိုင်းတွင် သူတို့၏သားသမီးများသည် တစ်ယောက်နှင့် တစ်ယောက်ရန်ဖြစ်နေကြသဖြင့် ဒေါ်တင်ကြည်နှင့် ဦးပေါတို့သည် အိမ်ခွဲနေရန်ဆုံးဖြတ်ခဲ့ ပြီး ဆက်လက်ပေါင်းသင်းမြဲ ပေါင်းသင်းကာ အတူတကွလယ်လုပ်ခဲ့ကြပါသည်။ သူတို့ နှစ်ဦးအနက် တစ်ဦးသေဆုံးသွားသည့်အခါ နှစ်ဘက်စလုံးမှသားသမီးများ ထိုမြေကို ရရှိ ခံစားနိုင်ရန် လိုလားပါသည်။ ထို့ကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေါ်တွင် သူတို့နှစ်ဦး စလုံး၏ အမည်ကို ထည့်ပေးရန် အစိုးရအားတောင်းဆိုခဲ့ရာ ၂၀၁၃ ခုနှစ်တွင် ပထမ ဆုံး ပူးတွဲလုပ်ပိုင်ခွင့်ပြုလက်မှတ် ရရှိရေးတွင်Namati မှ ပါဝင်ကူညီခဲ့ပါသည်။ လုပ်ပိုင်ခွင့်ပြုလက်မှတ်ကို မည်သည့်အိမ်တွင်ထားသနည်းဟု မေးမြန်းသည့်အခါ နှစ်ဦးသား ရယ်မောကာ "လုပ်ပိုင်ခွင့်ပြုလက်မှတ်ကို နှစ်အိမ်အလှည့်ကျထားပါတယ်။ ဒါမှလည်း ပိုပြီးမျှတမှာပေါ့။

အဆိုပါမြေယာမှတ်ပုံတင်ခြင်းနှစ်မျိုးအားနှိုင်းယှဥ်ကြည့်ရာပူးတွဲမြေယာမှတ်ပုံတင်ခြင်း လျှောက်ထားမှုများ အတွက် ပျမ်းမျှ၁၄.၆ ဧကဖြစ်ပြီး တစ်ဦးချင်းမြေယာမှတ်ပုံတင်ခြင်းလျှောက်ထားမှုသည် ပျမ်းမျှ ၇.၃ ဧကဖြစ်ပါသည်။[7]ယေဘူယျအားဖြင့်အမျိုးသမီးများ၏မျှတသောတရားဝင်မြေယာ ပိုင်ဆိုင်မှုအခွင့်အရေး ရရှိမှုသည်ပျမ်းမျှအားဖြင့်၎င်းတို့၏အိမ်ထောင်ဦးစီးလင်ယောက်ျားများနှင့်တန်းတူမြေယာပိုင်ဆိုင်မှု ရရှိခြင်းနှင့် တိုင်းတာနိုင်သည်။[8]

[7] အဆိုပါကိန်းဂဏန်းများသည် နည်းပါးလွန်းသည့် တိုင်းတာမှု ပမာဏကွာဟချက်ကြောင့် အနည်းငယ်ကွဲလွဲမှုဖြစ်နိုင်သည်။ ဖော်ပြသော ဧကပမာဏသည် Namati အဖွဲ့ထံသို့ အမှုတွဲပိတ်သိမ်းမှ ရရှိခြင်းဖြစ်သည်။ ပူးတွဲ မှတ်ပုံတင်ခြင်းအများစုသည် ဆောင်ရွက်ဆဲဖြစ်သောကြောင့် ရရှိသော အချက်အလက်စီစစ်ဖော်ပြချက်အပေါ် ကန့်သတ်သောသတ်မှတ်ချက် ရှိသည်။ သို့သော်လည်း တစ်ဦးချင်းအမှု၊ ပူးတွဲ မှတ်ပုံတင်ခြင်း အမှုအမျိုးအစားသည် ဆင်တူပြီး ၁၀ ရာခိုင်နှုန်းသော ဖွင့်လှစ်ထားသော အမှု အချက်အလက်များပါဝင်သည်။

[8] လျှောက်ထားနိုင်မှု ပမာဏ ကန့်သတ်ချက်ရှိသည့်အတွက် အိမ်ထောင်သည် အမျိုးသမီးအမည်ဖြင့် မှတ်ပုံတင်မှု၏ တစ်ခုသော အကြောင်းပြချက်မှာ မိသားစုအနေဖြင့် ချေးငွေလျှောက်ထားရရှိမှု အရေးအတွက် ပိုမိုရရှိစေရန် အတွက်ဖြစ်သည်ဟု တွေ့ရှိရသည်။ မိသားစုဝင်များ၏ တစ်ဦးချင်းစီ သီးခြားအမည်များဖြင့် မှတ်ပုံတင်ပါက ၎င်းချေးငွေ ကန့်သတ်ချက်ကို ကျော်လွှားနိုင်သည်။

## ၄.မြေသိမ်းမှုများသည်အမျိုးသမီးများအားတစ်မူထူးခြားစွာ ထိခိုက်နစ်နာစေပြီးသိမ်းယူထားသောမြေအတွက်လျော်ကြေး (သို့)မြေပြန်လည်ပေးအပ်ခြင်းသည်အမျိုးသားများအား အခွင့်သာစေသည်။

အမျိုးသမီးအမှုသည်များ၏ ၁၅%ကျော်သည် မြေပိုင်ဆိုင်မှု အထောက်အထားများ မရှိကြပါ။ အမျိုးသား အမှုသည်များတွင် ၅%[9] သာပိုင်ဆိုင်မှုအထောက်အထားများမရှိသည်ကိုတွေ့ရပါသည်။ အဆိုပါ အမျိုးသမီးအမှုသည်များ၏ပိုင်ဆိုင်မှုအထောက်အထားမရှိမှုကြောင့်မြေသိမ်းမှုများသို့ မြေယာအငြင်းပွား မှုဆိုင်ရာ (မိမိအိမ်နီးချင်း၊ မိသားစုဝင်များနှင့်ပတ်သက်၍ စသည်ဖြင့်) ကိစ္စရပ်များဖြေရှင်းရာတွင် များစွာထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သောကြောင့်ပိုင်ဆိုင်မှုအထောက်အထားများ လက်ဝယ်ပိုင်ဆိုင် ရရှိထားမှုက အဆိုပါပြဿနာများအား ဖြေရှင်းဆောင်ရွက်ရာတွင် များစွာ အထောက်အကူဖြစ်စေနိုင်သည်။

မြန်မာနိုင်ငံသည် တပ်မတော်၏ အုပ်ချုပ်မှုလက်အောက်တွင် ရာစုနှစ်တစ်ဝက်အကြာ ကျရောက် ခဲ့ရသောကြောင့် တောင်သူလယ်သမား မိသားစုများမှ မြေယာနှင့်ပတ်သက်သော အမှုကိစ္စရပ်များ မြောက်မြားစွာဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည် (*မြန်မာနိုင်ငံမှ ၂ နှစ်ကြာပြီးနောက် သိမ်းဆည်းခံမြေယာများ ပြန်လည်စွန့်လည်ပေးခြင်း တိုးတက်မှုဖြစ်စဉ်* ၊ Namati, ဒီဇင်ဘာ ၂၀၁၅ကို ရှုပါ)။ မြေယာများအားရယူ၊ သိမ်းဆည်းရာတွင် လုပ်ငန်းစဉ်သက်သက်မှတ်မှတ် သို့ လျော်ကြေးငွေစနစ်တကျ ပေးခြင်းမရှိသောကြောင့် စီးပွားရေး နှင့် စိတ်ပိုင်းဆိုင်ရာအရ တောင်သူလယ်သမားများအပေါ်တွင် များစွာ ထိခိုက်နစ်နာမှုများ ရှိသည်။ အထူးသဖြင့်အမျိုးသမီးတောင်သူလယ်သမားများသည်မိမိမိသားစု၏မြေတရားဝင်ပိုင်ဆိုင်မှုအထောက် အထား ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တစ်မူထူးခြားသော ထိခိုက်မှုများ ရှိသည်ကို တွေ့ရသည်။

ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတွင်ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုများတွင် အမျိုးသမီး လယ်ယာ အလုပ်သမားများ၏နေ့စဉ်လုပ်အားခသည်၃၀၀၀ကျပ်ဖြစ်သော်လည်းအမျိုးသားများအတွက်မူ ၄၀၀၀ကျပ် ဖြစ်ကြောင်းဖော်ပြတွေ့ရှိခဲ့ရသည်။မြေဆုံးရှုံးသွားသောမိသားစုဝင်များသည် နေ့စားအလုပ်သမား များအဖြစ် လုပ်ကိုင်ရန်သာရွေးချယ်စရာရှိပြီးအမျိုးသမီးမိသားစုဝင်များသည်မိမိတို့၏အခြားသောအိမ်မှုကိစ္စများကို လုပ်ဆောင်ပေးနေမှုများလျော့ကျသွားသည်ကိုတွေ့ရသည်။ထိုကဲ့သို့ ပြောင်းလဲမှုများသည် မိသားစုအတွင်း ဆုံးဖြတ်ချက်ချမှတ်မှု အပိုင်းတွင် တနည်းအားဖြင့် သက်ရောက်မှုရှိသည်ကို တွေ့ရသည်။ ဧရာဝတီတိုင်း ဒေသကြီးတွင်ဘိလပ်မြေ စက်ရုံမှ သိမ်းယူသွားသဖြင့် မြေဆုံးရှုံးသွားသူ အမျိုးသမီးတစ်ဦး၏

---

[9] တစ်ခါတစ်ရံ မြေခွန် ပြေစာများသည် ပြီးခဲ့သောနှစ်များကဖြစ်သည်။ ဖော်ပြချက်သည် အစိုးရမှ တောင်သူလယ်သမားများ၏ အခွင့်အရေးအား အသိအမှတ်ပြုပြီး ဆုံးဖြတ်ချက်များချမှတ်ကာ သီးသန့် မြေယာကွက်များလုပ်ဆောင်ပေးခြင်းဖြင့် မြေယာအငြင်းပွားမှုများအား ဖြေရှင်းနိုင်သည်။

ပြောပြချက်အရမိသားစုဝင်လေးဦးအားဆန်ကြမ်းဖြင့်တစ်ရက်လျှင်ထမင်း၂နပ်စားသောက်ကျွေးမွေးရန်ငွေ ကျပ်၃၀၀၀ကုန်ကျကြောင်းထုတ်ဖော်ပြောကြားခဲ့သည်။ခင်ပွန်းဖြစ်သူ၏နေ့စားလုပ်အားခမရှိလျှင် မိသားစု အာဟာရပြည့်ဝစွာစားသောက်ရန်ပင်မလုံလောက်ဘဲ မိမိတို့ သားသမီးများအား ကျောင်းသို့ပို့နိုင်ရန် ပို၍ပင်မဖြစ်နိုင်ပေ။ ၎င်းတို့၏ မြေပေါ်မှ ဖယ်ရှားခြင်း ခံရသည့်အချိန်ကစပြီး မိသားစုဝင်များသည် မြို့နှင့် အလွန်ဝေးကွာသောအရပ်သို့ပြောင်းရွှေ့ခဲ့ရပြီးအကယ်၍သူ့တွင်ခင်ပွန်းမရှိပါကသားသမီးများအားမူလ တန်းကျောင်းသို့သွားနိုင်ရန်ခရီးစရိတ်အပိုဝင်ငွေများအားဖြစ်နိုင်သည့်နည်းဖြင့်ရှာဖွေပြီးကျော်လွှား၍မရနိုင် သောအခက်အခဲအကျပ်အတည်းများကြားတွင် ရောက်ရှိနေမည်ဖြစ်သည် ဟုပြောကြားခဲ့သည်။

မိသားစု သို့မဟုတ် အမျိုးသမီးတစ်ဦးသည် ၎င်း၏ မြေယာဆုံးရှုံးမှုဖြစ်ပေါ်သောအခါ အမျိုးသမီး နေ့စား လယ်ယာလုပ်သားများဖြစ်နိုင်ပြီးထိုအမျိုးသမီးများ၏လုံခြုံရေးအပိုင်းတွင်စိန်ခေါ်မှုအသစ်တစ်ရပ်ဖြစ် နိုင်သည်။ ရှမ်း ပြည်နယ်ရှိ အင်းလေးကန်အနီးတွင် တည်ရှိသည့် ရွာသာနှင့် နန်းသဲ ကျေးရွာအုပ်စုများတွင် အိမ်ခြေ ၁၅၈အိမ်ထောင်စု၏ မြေကေစုစုပေါင်း ၂၀၀၀ ခန့်အား အစိုးရမှ ၁၉၉၈ ခုနှစ်တွင် သိမ်းယူခဲ့ပြီး ကုမ္ပဏီတစ်ခုသို့ ပြန်လည်ချပေးခဲ့သည်။ ၂၀၀၃ခုနှစ်မှစပြီး အဆိုပါကုမ္ပဏီမှ အခြားမြေကေများစွန့်လွှတ်ပြီး မြေကေ၃၀၀ခန့်အားအသုံးပြုခြင်းတစ်စုံတစ်ရာမရှိဘဲဆက်လက်သိမ်းပိုက်ထားခဲ့ပါသည်။ ၎င်းကုမ္ပဏီသည် နောက်ဆုံးတွင် အစားထိုးလယ်ယာမြေအချို့ကို ပေးအပ်ရန် အစိုးရနှင့် သဘောတူညီခဲ့သော်လည်း အဆိုပါအစားထိုးပေးအပ်သောမြေများသည်အရည်အသွေးအလွန်နိမ့်ကျပြီးစိုက်ပျိုးလုပ်ကိုင်စားသောက်ရန် မဖြစ်နိုင်သောကြောင့်အမျိုးသမီးများသည်မိမိတို့အားပေးအပ်သော အစားထိုးမြေပေါ်တွင် လုပ်ကိုင်၍မရဘဲ နေ့စားအလုပ်သမားများအဖြစ်အနီးအနားရှိကျေးရွာများသို့သွားရောက်လုပ်ကိုင်နေရပါသည်။အမျိုးသမီးများ သည်မိမိတို့အိမ်နှင့်သွားလာရလွယ်ကူသောကိုယ်ပိုင်လယ်မြေပေါ်တွင်လုပ်ကိုင်ရမည့်အစား အနီးအနားရှိ ကျေးရွာများသို့အဖွဲ့လိုက်စုပေါင်းသွားရောက်၍ နေ့စားအလုပ်အား လုပ်ကိုင်နေရပါသည်။ များသောအားဖြင့် မြေသိမ်းမှုအများစုတွင်တောင်သူလယ်သမားအမြောက်အမြားပါဝင်ပတ်သက်နေကြသည်။အစိုးရမှမြေ ပြန်လည်ပေးအပ်ခြင်း(သို့မဟုတ်)လျော်ကြေးငွေပေးအပ်ခြင်းလုပ်ငန်းစဉ်များတွင်တောင်းဆိုသူများထံသို့ ပြန်လည်ပေးအပ်ရာတွင်လုပ်ဆောင်မှုအဆင့်ဆင့်သည်အသိမ်းခံရသောတောင်သူများကြားတွင်ညှိနှိုင်းမှု များ လိုအပ်သည်။ အကယ်၍ မြေပိုင်ဆိုင်မှုအထောက်အထားအား အမျိုးသမီးများတွင် မရှိ၍ မပြနိုင်ပါက မြောက်မြားစွာသော နစ်နာဆုံးရှုံးမှုများ ကျရောက်နိုင်သည်။

# ၅. မြေနှင့်ပတ်သက်၍ လိုက်နာကျင့်သုံးနေမှုသည် တိုင်းရင်းသားလူမျိုးအလိုက်ကွဲပြားသည်။အချို့လိုက်နာကျင့်သုံးမှုသည် မကြာခင်ကထွက်ရှိထားသောအမျိုးသားမြေအသုံးချမှုမူဝါဒပါအချက်များအား ချိုးဖောက်မှုများတွေ့ရှိရသည်။

Namatiအဖွဲ့မှလေ့လာတွေ့ရှိချက်များအရခင်ပွန်းကွယ်လွန်ပြီးသောအမျိုးသမီးများနှင့်အိမ်ထောင်ကွဲအမျိုးသမီးများသည် မြေယာပိုင်ဆိုင်မှု ရာခိုင်နှုန်းအားဖြင့် အခြားသော အိမ်ထောင်ရှိအမျိုးသမီးများထက်ပိုမိုပိုင်ဆိုင်ကြသည်။သို့သော်လည်းတိုင်းရင်းသားလူမျိုးစုအလိုက်ပိုင်ဆိုင်ခွင့်သည်ကွဲပြားခြားနားသည်ကိုတွေ့ရသည်။[10] အဖွဲ့၏လေ့လာတွေ့ရှိချက်များနှင့်ဦးစားပေး အုပ်စုအဖွဲ့လိုက်မေးမြန်းချက်များမှ မတူညီသောလူမျိုးစုအလိုက် ပိုင်ဆိုင်မှု ကွဲပြားခြားနားမှုများအား တွေ့ရှိနိုင်သည်။

*ဗမာ :* ဗမာ့ယဉ်ကျေးမှုတွင် မိဘပိုင်ဆိုင်မှုအား သားသမီးများအားလုံးကို ညီတူညီမျှခွဲဝေပေးသည်။ မိမိ၏အိမ်ထောင်ဖက်သေဆုံးသွားသော်ကျန်ရစ်ခဲ့သောအိမ်ထောင်ဖက်မှပိုင်ဆိုင်မှုအား ရပိုင်ခွင့်ရှိသည်။ ထိုကဲ့သို့ညီတူညီမျှပိုင်ဆိုင်ခွင့်ရှိမှုသည်ဗမာအမျိုးသမီးများအနေဖြင့်နှစ်ဦးအမည်ပေါက်ပူးတွဲမြေယာမှတ်ပုံတင်ခြင်းအားအခြားသောတိုင်းရင်းသားလူမျိုးစုများထက်စိတ်ဝင်စားမှုလျော့ကျသည့်အကြောင်းအရာဖြစ်နိုင်ကြောင်းတွေ့ဆုံမေးမြန်းမှုများအရတွေ့ရှိရသည်။အဆိုပါအိမ်ထောင်ရှိအမျိုးသမီးများထင်ရှားရှင်းလင်းစွာအလေးထားစိတ်ဝင်စားသည်မှာမြေယာမှတ်ပုံတင်ခြင်းသည်မိမိတို့၏သားသမီးများနောင်ရေးအတွက်ဖြစ်ပြီး မိမိသေဆုံးသွားခဲ့ပြီး ခင်ပွန်းဖြစ်သူမှနောက်အိမ်ထောင်ပြုခဲ့သော် မိမိသားသမီးများမြေယာပိုင်ဆိုင်မှု အမွေဆက်ခံခွင့်ရှိရန် သေချာစေလိုသောကြောင့်ဖြစ်သည်။

*ချင်း :*ချင်းယဉ်ကျေးမှုသည်အမျိုးသားကြီးစိုးမှုဝါဒကိုလိုက်နာကျင့်သုံးပြီးအမျိုးသမီးများသည် မြေပိုင်ဆိုင်ခွင့်မရှိပါ။အဆိုပါအချက်သည်မြေအသုံးချမှုမူဝါဒအားအလွန်အမင်းချိုးဖောက်မှုဖြစ်ပြီးၚင်းသည် အမျိုးသားမြေအသုံးချမှုမူဝါဒအသစ်နှင့်အမျိုးသမီးများအားပုံစံမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုများကိုပပျောက်စေရေးဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ်(CEDAW)အောက်တွင်မြန်မာနိုင်ငံ၏ကတိကဝတ်ပြုထားခြင်းများကိုချိုးဖောက်မှု ဖြစ်သည်။ ပြည်နယ်နှင့် တိုင်းအသီးသီးရှိ Namti၏ ရည်မှန်းချက်ဒေသ ကျေးရွာအုပ်စုများတွင်အမျိုးသမီးအုပ်စုများအားမေးမြန်းချက်များအရချင်းမျိုးနွယ်စုအမျိုးသမီးများသည်အခြားအမျိုးသမီးအုပ်စုများနှင့်မတူညီဘဲကွဲပြားခြားနားသည်ကိုတွေ့ရသည်။အထူးသဖြင့်ခင်ပွန်းသေဆုံးပြီးသောအိမ်ထောင်မဲ့

10 For further discussions, see: Transnational Institute, *Linking Women and Land in Myanmar*, 2016; *USAID Country Profile, Burma: Property Rights and Resource Governance*; UNICEF, *Child Focused Local Social Plan, Chin State* 2014; Gender Equality Network, *Towards Gender Equality in the National Land Use Policy*, 2014.

အမျိုးသမီးများသည်ရင်းခင်ပွန်း၏ပိုင်ဆိုင်မှုမြေယာအားလုပ်ပိုင်ခွင့်မရှိတော့ဘဲရင်းခင်ပွန်း၏အမျိုးတော်စပ်သူအမျိုးသားများသာပိုင်ဆိုင်အမွေဆက်ခံခွင့်ရှိသည်။အိမ်ထောင်ရေးအခြေအနေမည်သို့ပင်ဖြစ်စေကာမူ မေးမြန်းမှုများအရအမျိုးသမီးများသည်အဆိုပါလိုက်နာကျင့်သုံးမှုအားပြောင်းလဲလိုမှုဆန္ဒပြင်းပြလျက်ရှိသည်။အဘယ်ကြောင့်ဆိုသော်ရင်းတို့၏ခင်ပွန်းများသည်အိန္ဒိယနိုင်ငံနယ်စပ်သို့ရွှေ့ပြောင်းလုပ်သားများအဖြစ်သွားရောက်လုပ်ကိုင်ကြပြီး အမျိုးသမီးများသည် အဓိကလယ်သမားများအဖြစ် လယ်ယာလုပ်ငန်းကို လုပ်ဆောင်နေရသောကြောင့် ဖြစ်သည်။[11]

*ကယား:*ကယားယဉ်ကျေးမှုတွင်သားသမီးများအိမ်ထောင်ကြပြီးသောအခါတန်းတူညီမျှ အမွေပေးကြသည်။ ပူးတွဲနှစ်ဦး အမည်ပေါက်မှတ်ပုံတင်ခြင်းသည် စိတ်ဝင်စားဖွယ် စဉ်းစားသင့်သည့်အကြောင်းအရာဖြစ်သည်။ Namati၏ရည်မှန်းချက်ဒေသဟိုပါရွာတွင် ပူးတွဲနှစ်ဦးအမည်ပေါက်မှတ်ပုံတင်ခြင်းအမှုစုစုပေါင်း ၈မှုရှိသည်။ အဆိုပါမြေယာလျှောက်ထားမှုများသည်အမျိုးသမီးများမိမိတို့၏မိဘများထံမှအမွေဆက်ခံရရှိသော မြေများဖြစ်ကြပြီးရင်းတို့၏ခင်ပွန်းအမည်များကိုပါ ထည့်သွင်းလျှောက်ထားလိုသောကြောင့်ဟု သိရှိရသည်။ အဆိုပါ ပူးတွဲနှစ်ဦးအမည်ပေါက်လျှောက်ထားမှုသည်မိသားစုတွင်းဆုံးဖြတ်ပိုင်ခွင့်နှင့်ပတ်သက်၍ပြောင်းလဲမှု တစ်စုံတစ်ရာမတွေ့ရှိရဘဲအထောက်အထားပိုင်ဆိုင်မှုနှင့်ဂုဏ်သိက္ခာပိုင်းဆိုင်ရာနှင့်ပိုမိုဆက်နွယ်နေသည်ကို တွေ့ရသည်။ဟိုပါရွာမှမဂျူမာက"အစကတော့တစ်ဦးတည်းမြေမှတ်ပုံတင်ခြင်းကိုကျွန်မနာမည်နှင့် အမည်ပေါက်လျှောက်ထားဖို့စဉ်းစားခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ဒီမြေက ကျွန်မမိဘတွေအမွေပေးခဲ့တဲ့ မြေဖြစ်နေလို့ပါ။ဒါပေမယ့်လည်းကျွန်မခင်ပွန်းစိတ်မကောင်းဖြစ်မှာစိုးတယ်။ဒါကြောင့်သူ့နာမည်ပါပူးတွဲ လျှောက်ထားလိုက်ပါတယ်။သူ့တစ်ယောက်တည်းနာမည်နဲ့တော့မလျှောက်စေချင်ပါဘူး။ဘာလို့လဲဆိုတော့ ယောကျ်ားတွေက အရမ်းထိန်းချုပ်ချင်တယ်။အလုပ်အများစုကိုကျွန်မနှင့်သူအတူတူလုပ်ကိုင်ရပေမဲ့ သူကပဲ များသောအားဖြင့် ဆုံးဖြတ်ချက်ချတယ်။" ဟုပြောကြားခဲ့သည်။

---

[11] ချင်းလူမျိုးတစ်မျိုးတည်းမဟုတ်ဘဲ အခြားတိုင်းရင်းသားမျိုးနွယ်စုများ သည် အမျိုးသားဦးစားပေးအုပ်ချုပ်မှု အမွေပိုင်ဆိုင်ခွင့်အား ကျင့်သုံးသည်။ Hilary Faxon, The Praxis of Axis: Gender in Myanmar's National Land Use Policy 2015 ကိုရှုပါ။ USAID၏ "Many upland ethnic minorities practice strict patrilineal inheritance," စာမျက်နှာ ၁၁ တွင် ရှမ်းပြည်နယ် အချို့ကျေးရွာများတွင် ဗုဒ္ဓဘာသာကိုးကွယ်သော ပလောင်လူမျိုး အိမ်ထောင်ကွဲ အမျိုးသမီးသည်ပိုင်ဆိုင်မှုအားလုံးစွန့်လွှတ်ရသည်။ထို့အပြင်အမျိုးသာများသည်မိဘထံမှတစ်ဦးတည်းအမွေဆက်ခံခွင့် နှင့်အဆိုပါပိုင်ဆိုင်မှုများအားလုပ်ကိုင်ဆုံးဖြတ်ခွင့်၊အမွေပေးခွင့်အားလုံးရရှိသည်။ပိုင်ဆိုင်မှုသည်လင်ယောကျ်ား သေဆုံးပါက သားဖြစ်သူရရှိပြီး သမီးဖြစ်ပါက အဆိုပါ လင်ယောကျ်ား၏ အကိုတော်စပ်သူအား ပေးအပ်သည်။ (WLB 2008)," စာမျက်နှာ ၁၇.

# ၆.အမျိုးသမီးများ မြေအခွင့်အရေး နှင့်ပတ်သက်၍ ကာကွယ် တောင်းဆိုမှုများ ပြုလုပ်သောအခါ ပိုမိုထိရောက်စွာ လုပ်ကိုင် ပြောဆိုနိုင်ကြခြင်း

မြေနှင့်ပတ်သက်သည့်အခွင့်အရေးများတောင်းဆိုသည့်အခါရပ်ရွာအတွင်းအမျိုးသမီးများ၏အခန်းကဏ္ဍ သည် ရှုပ်ထွေးမှုရှိသည်ကိုတွေ့ရသည်။ ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်အတွင်း Namati၏ရပ်ရွာဆွေးနွေးပွဲ အချက်အလက်စစ်တမ်းများအရရပ်ရွာအခြေပြုဥပဒေအထောက်အကူပြုသူများမှကျင်းပပြုလုပ်သော ဆွေးနွေးပွဲများသို့ တောင်သူလယ်သမားစုစုပေါင်း ၁၀၃၃၃ ဦးတက်ရောက်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် တက်ရောက်သူစုစုပေါင်း၏ သုံးပုံတစ်ပုံခန့်သော အမျိုးသမီးများသာ တက်ရောက်ခဲ့သည်။ တက်ရောက်သူ အမျိုးသမီးများသည်ပဟာပြောပို့ချသည့်ရပ်ရွာအခြေပြုဥပဒေအထောက်အကူပြုသူသည် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေတက်ရောက်လေ့ရှိပြီးဆွေးနွေးပွဲပြုလုပ်သည့်အချိန်များသည်လည်းမတူညီသောအချိန်များ တွင်ပြုလုပ်လေ့ရှိသည်။မည်သို့ပင်ဆိုစေကာမူရပ်ရွာအခြေပြုဥပဒေအထောက်အကူပြုသူများ၊အမျိုးသမီး အမှုသည်များ၊အိမ်ထောင်စုတွင်းအမှုအတွက်အမျိုးသမီးမိသားစုဝင်ထံမှအကူအညီရယူနေရသော အမျိုးသားအမှုသည်များအားတွေ့ဆုံမေးမြန်းချက်များအရ အားလုံး တစ်ခဲနက်ခံယူထားသည်မှာ အမျိုးသမီး များသည်အစိုးရဌာနများနှင့်ပြောဆိုဆက်ဆံရာတွင်ဖြစ်စေ၊အမှုအတွက်ပြောဆိုရာတွင်ဖြစ်စေ၊ နောက်ဆက်တွဲအမှုအခြေအနေများအားလိုက်ပါဆောင်ရွက်ရာတွင်ဖြစ်စေအမျိုးသားများထက်ပိုမိုပြောဆို လုပ်ကိုင်နိုင်ကြသည် ကိုတွေ့ရှိရသည်။

“သူမက ကျွန်တော့်ထက် ပိုမိုပြောဆိုနိုင်တယ်”

ဦးမြင့်ဆွေသည် ရှမ်းပြည်နယ် အေးသာယာမြို့သစ်တွင် မြေစုစုပေါင်း ၆ ဧကကို ထွန်ယက်စိုက်ပျိုးနေသူ ဖြစ်ပြီး ၎င်းမြေကို ကုမ္ပဏီမှ ၁၉၉၉ခုနှစ်တွင် သိမ်းယူခဲ့ပါသည်။ ၂၀၀၈ခုနှစ်တွင် အဆိုပါမြေအား ကုမ္ပဏီမှ ပြန်လည်ပေးအပ်ခဲ့သော်လည်း ဦးမြင့်ဆွေ ထံသို့မရောက်ရှိခဲ့ပဲ ကျေးရွာအုပ်ချုပ်ရေးမှူးမှ မတရားသိမ်းယူပြီး အခြားလယ်သမားတစ်ဦးအား ရောင်းချခဲ့သည်။

ဦးမြင့်ဆွေ၏သမီး မရီရီမိုးသည် အစိုးရမှ မြေများပြန်ပေးနေကြောင်း [မြေယာစုံစမ်းရေးကော်မတီ]အား ဂျာနယ်တွင် ဖတ်ရှုပြီးနောက် သူမမိသားစု၏ လယ်ယာမြေကို ဥပဒေအတွင်း ပြန်လည်ရရှိနိုင်အောင် ကြိုးစားကြည့်ရန် စိတ်အားထက်သန်ခဲ့သည်။ လွန်ခဲ့သော ၂နှစ်အတွင်း မရီရီမိုးသည် ၎င်းအမှုအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး အစိုးရရုံးဌာနများသို့ ၁၂ကြိမ်ထက်မနည်း သွားရောက်ခဲ့ပြီး နေပြည်တော်သို့အထိပင် တိုင်ကြားလွှာများပေးပို့ခဲ့သည်။ လွန်ခဲ့သော နှစ်နှစ်မှ စတင်၍ အကြမ်းအားဖြင့် သူမ၏ ဖခင်အမှုအတွက် တစ်လလျှင် အနည်းဆုံး တစ်ရက် သို့မဟုတ် နှစ်ရက် အချိန်ပေးခဲ့ရသည်။ သူမ၏ အခြားသောမောင်နှမများသည် နေ့စားအလုပ်သမားများဖြစ်သောကြောင့် ဖခင်၏အမှုကို လိုက်ပါကူညီပေးနိုင်ခြင်းမရှိကြပေ။ မရီရီမိုးသာလျှင် ဖခင်ကို တစ်ဦးတည်း ကူညီပေးနိုင်သူဖြစ်သည်။

အစပိုင်းတွင် ကျေးရွာအုပ်ချုပ်ရေးမှူးမှ မရီရီမိုးအား လက်ရှိအမှုကိစ္စကို မေ့ဖျောက်စေလိုပြီး ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။ ထိုသို့ မေ့ဖျောက်ပေးရန် ငွေသိန်းငါးဆယ်ဖြင့် ကမ်းလှမ်းခဲ့ပါသည် (ထိုဒေသတွင် မြေတစ်ဧကကို သိန်း၅၀ဖြင့် ရောင်းချပါသည်)။ လက်ရှိ ဆောင်ရွက်နေသောလယ်သမားမှလည်း ထိုအမှုကို မေ့ဖျောက်စေလိုပြီး “ဒီအမှုကိုဆက်လက်မလုပ်ဆောင်သင့်” ဟုသူမကိုပြောကြားခဲ့ပါသည်။ ၎င်းက နေပြည်တော်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ မှ တာဝန်ရှိသူထံသို့ မိမိဘက်တွင်ရပ်တည်ပေးရန် လာဘ်ငွေပေးအပ်ပြီးဖြစ်သည်”ဟုလည်း ပြောကြားခဲ့ပါသည်။

မကြာသေးမီကပင် အမှုအတွက်လက်ခံဆောင်ရွက်ပေးနေသော အစိုးရရုံးမှ သူမနှင့် သူမဖခင်အတူအကွအမှုလိုက်ပါ ဆောင်ရွက်ခြင်းအား တားမြစ်လိုက်သည်။ “သူက ကျွန်တော့်ထက် ပိုမိုပြောဆိုဆောင်ရွက်နိုင်တယ်။ သမီးက အမှုနှင့် ပတ်သက်ပြီး ပြောဆိုသင့်တာတွေကိုလည်း ပြောပြပေးပါတယ်။ ကျွန်တော်မှားပြောမိတာ၊မေ့နေတာတွေလဲ အမှန်ပြန်ပြင် သတိပေးပြောပေးတယ်။ သမီးက ကျွန်တော့်ကို ကူညီတာကို သူတို့က မလိုလားပါဘူး”ဟု ဖခင်ဖြစ်သူက ပြောကြားခဲ့သည်။ မရီရီမိုး၊ ဦးမြင့်ဆွေနှင့် ၎င်းတို့နှင့် အတူတကွကူညီပေးနေသော ဥပဒေ အထောက်အကူပြု သူတို့က အဆိုပါအချက်ဟုတ်မှန်ကြောင်း ပြောဆိုခဲ့သည်။ ယခုတွင် မရီရီမိုးသည် ရုံးသို့သွားရောက်တွေ့ဆုံမှုတိုင်းအား ဖခင် နှင့်အတူ ဆက်လက်လိုက်ပါပေးသော်လည်းရုံးခန်းအတွင်းသို့အသက်၆၆နှစ်အရွယ်လယ်သမားဖခင်ကြီးနှင့်အတူသွားရောက်ခွင့် မရှိတော့ပဲ ခန်းမတစ်နေရာတွင် စောင့်ရှောက်လိုက်ပါပေးနေရ ဆဲဖြစ်သည်။

တွေ့ဆုံမေးမြန်းမှုအားဖြေကြားသူများသည်အဘယ်ကြောင့်အမျိုးသမီးများပြောဆိုဆက်ဆံရေးတွင် (များသောအားဖြင့်ဗမာဘာသာစကား - အချို့အတွက် မိခင်ဘာသာစကားမဟုတ်) ပိုမိုကောင်းမွန်ရသည်မှာ အစိုးရအရာရှိများ၏အမျိုးသမီးများအပေါ် သနားညှာတာမှု၊ကူညီလိုမှုများသည်အမျိုးသားများအပေါ် ထား ရှိမှုနှင့်ကွဲပြားခြားနားသောကြောင့်ဟုတွေ့ရှိရသည်။အဆိုပါအချက်သည်ကျွန်ုပ်တို့၏ရပ်ရွာအခြေပြု ဥပဒေအထောက်အကူပြုသူများ၏ကောက်ယူထားသောအချက်အလက်များနှင့်ကိုက်ညီမှုရှိသည်ကို တွေ့ရသည်။အမျိုးသမီးအမှုသည်များတွင်ပျမ်းမျှအားဖြင့်လက်ရှိဆောင်ရွက်ပေးနေသောအမှုများအား ဖြေရှင်းနိုင်မှုတွင်ရက်ပေါင်း၁၁၀သာကြာမြင့်ပြီးအမျိုးသားအမှုသည်များတွင်၁၄၅ရက်ကြာမြင့်သည်ကိုတွေ့ရ

သည်။ အမျိုးသမီးများသည်ဥပဒေအထောက်အကူပြုသူနှင့် အစိုးရရုံးများသို့ ထပ်မံသွားရောက်ရသော အကြိမ်အရေအတွက်တွင်လည်း အမျိုးသားများထက် နည်းသည်ကိုတွေ့ရသည်။

# ၇.အမျိုးသမီးရပ်ရွာအခြေပြုဥပဒေအထောက်အကူပြုသူများသည်အင်အားကြီးသောအထောက်ကူပေးနိုင်သူများဖြစ်နိုင်ပြီးအဖွဲ့အစည်းများအနေဖြင့်၎င်းတို့ရင်ဆိုင်နေရသည့်ကွဲပြားခြားနားသောစိန်ခေါ်မှုများကို ဖြေရှင်းပေးရန် လိုအပ်ပါသည်။

Namatiသည်ရပ်ရွာအခြေပြုဥပဒေအထောက်အကူပြုပုံစံကိုလိုက်နာကျင့်သုံးဆောင်ရွက်နေသောအဖွဲ့ဖြစ်သည်။ ဥပဒေရေးရာအထောက်အကူပြုသူ တစ်ဦးစီသည် ၎င်းတို့ လုပ်ဆောင်နေသော ရည်မှန်းချက်ထားရာဒေသတွင် နေထိုင်နေသူများဖြစ်ပြီးမိမိ၏နေအိမ်မှ ခရီးအားဖြင့်၂-၃ နာရီအတွင်း သွားလာလုပ်ကိုင်နိုင်သောဒေသများအားကူညီပေးနိုင်သူဖြစ်ရမည်။ဥပဒေရေးရာအထောက်အကူပြုသူများသည်မိမိတာဝန်ယူလုပ်ကိုင်နေသောရည်မှန်းချက်ဒေသများသို့ တစ်လလျှင် ၂ ကြိမ် (သို့) ၃ ကြိမ် (သွားရောက်နိုင်မှုပေါ်မူတည်၍) ရပ်ရွာဆွေးနွေးပွဲများပို့ချနိုင်ပြီးမိမိအမှုသည်များအားမြေယာနှင့်ပတ်သက်သောအမှုများအားတွေ့ဆုံမေးမြန်းခြင်းနှင့်နောက်ဆက်တွဲလုပ်ဆောင်ရမည့်အမှုများအားအမှုသည်နှင့်အတူတကွသက်ဆိုင်ရာအစိုးရရုံးများသို့ လိုက်ပါကူညီဆောင်ရွက်နိုင်သူဖြစ်ရမည်။



## အဆိုပါဥပဒေရေးရာအထောက်အကူပြုသူများ၏ လုပ်ဆောင်မှုတာဝန်များမှ အမျိုးသမီးဥပဒေရေးရာအထောက်အကူပြုသူများအတွက် ပေါ်ပေါက်လာသော စိန်ခေါ်မှုနှစ်ရပ်

ပထမစိန်ခေါ်မှုတစ်ရပ်မှာမြန်မာနိုင်ငံရှိအိမ်ထောင်စုများအတွင်းအမျိုးသမီးများ၏တာဝန်ယူရသည့်အခန်းကဏ္ဍဖြစ်သည်။ စစ်ကိုင်တိုင်းရှိ (၁၈-၂၆ နှစ်အတွင်းရှိ) အမျိုးသမီး ဥပဒေရေးရာ အထောက်အကူပြုသူများနှင့် မေးမြန်းချက်များအရ "ကျွန်မတို့ အိမ်ထောင်ပြုလိုက်ရင် အမျိုးသမီး ဥပဒေရေးရာအထောက်အကူပြုသူလုပ်နိုင်မှာမဟုတ်တော့ဘူး။ အိမ်ထောင်မှုအတွက် တာဝန်တွေပိုများလာတော့မှာ" ဟုဆိုသည်။ အဖွဲ့တွင်အမျိုးသမီးဥပဒေရေးရာအထောက်အကူပြုသူများ(၂၀နှစ်နောက်ပိုင်း-၄၀နှစ်အစောပိုင်းအတွင်းရှိ) တာဝန်ထမ်းဆောင်နေကြပြီးအဆိုပါအမျိုးသမီးအများစုသည်ငယ်ရွယ်ကြပြီးအိမ်ထောင်မရှိသူ၊ သားသမီးမရှိသူများဖြစ်ကြသည်။စိတ်ဝင်စားဖွယ်တွေ့ရှိရချက်မှာNamatiအဖွဲ့မှမြန်မာနိုင်ငံတွင်လုပ်ဆောင်ခဲ့သောလုပ်ငန်းစဉ်သက်တမ်းတစ်လျှောက် အမျိုးသားဥပဒေရေးရာအထောက်အကူပြုသူများ အလုပ်မှထွက်နှုန်းသည် ၂၀% ဖြစ်ပြီး အမျိုးသမီးဥပဒေရေးရာအထောက်အကူပြုသူများမှာမူ ၄% သာလျှင်ရှိ ကြောင်းတွေ့ရှိရသည်။




ဒုတိယတွေ့ရှိရသည့်စိန်ခေါ်မှုမှာလုံခြုံရေးပိုင်းဆိုင်ရာနှင့်ပတ်သက်သည့်စိန်ခေါ်မှုဖြစ်သည်။အမျိုးသမီးဥပဒေရေးရာအထောက်အကူပြုသူအများစုသည်အမှုသည်များရှိရာဝေးလံသောအမှုဖြစ်ပွားရာဒေသများ သို့သွားရောက်ရာတွင်လုံခြုံရေးပိုင်းဆိုင်ရာအခက်အခဲများစွာတွေ့ရှိရသည်။အမျိုးသမီးများသည်သွားလာရမည့်နေရာပေါ်မူတည်၍ခြေလျင်ဖြစ်စေ၊မော်တော်ဆိုင်ကယ်ဖြင့်ဖြစ်စေ၊လှေဖြင့်ဖြစ်စေ၊ မော်တော်ကားဖြင့်ဖြစ်စေစသည်ဖြင့်အမျိုးမျိုးသောသယ်ယူပို့ဆောင်ရေးအမျိုးအစားများအသုံးပြုရပါသည်။အရေးပေါ်အမှုကိစ္စအတွက်ခရီးသွားရောက်ရန်လိုအပ်ပါကတစ်ဦးတည်းပင်သွားရောက်ရမှုများရှိပါသည်။သို့သော်လည်း

အမျိုးသမီးများအနေဖြင့်     အခြားတွဲဖက်လုပ်ကိုင်သောအမျိုးသမီးရေးရာအထောက်အကူပြုငယ်များ(သို့)
အမျိုးသားဆွေမျိုးများနှင့်   သွားရောက်လိုကြပါသည်။   Namatiအဖွဲ့၏   ဥပဒေရေးရာအထောက်အကူပြု
အကောင်ထည်ဖော်မှုတွင်ဥပဒေရေးရာအထောက်အကူပြုသူများအားထောက်ပံ့ပေးသူအခြားလက်ထောက်
များထားရှိလေ့မရှိကြပါ။ထို့ကြောင့်တစ်ခါတစ်ရံတွင်မိမိ၏မောင်၊အစ်ကို(သို့မဟုတ်)ခင်ပွန်းတို့မှၾင်းတို့
အလုပ်အားချိန်များတွင်ခရီးသွားလာရာတွင်အဖေါ်အဖြစ်လိုက်လံပို့ဆောင်အဖော်ပြုပေးကြပါသည်။
သို့သော်လည်းအဆိုပါကူညီမှုသည်ရေရှည်တွင်မဖြစ်နိုင်ဘဲထိုကဲ့သို့အချိန်အားဖြင့်၊လူအားဖြင့်လိုက်ပါ
ကူညီမှုအားအသိအမှတ်ပြုရန် Namati အဖွဲ့နှင့် မိတ်ဖက် အဖွဲ့အစည်း များအနေဖြင့် ငွေကြေးထောက်ပံ့ရန်
မဖြစ်နိုင်ပါ။ကူညီလိုက်ပါပေးသူဆွေမျိုးမတော်စပ်သူတစ်စိမ်းအမျိုးသားများနှင့်ဥပဒေရေးရာအထောက်
အကူပြုသူအမျိုးသမီးများအတူခရီးသွားခြင်းသည်လည်းယဉ်ကျေးမှုအရအများအမြင်တွင်အတူတွဲသွား
ရန်မသင့်တော်ဟုယူဆထားသည်။ထို့ကြောင့်အမျိုးသမီးဥပဒေအထောက်အကူပြုသူအများစုသည်  သူတို့၏
လစာအပြည့်ခံစားခွင့်တစ်ဦးတည်းလုပ်ကိုင်ခြင်းအစားအခြားအမျိုးသမီးကူညီထောက်ပံ့သူနှင့်မိမိလစာ
ဝင်ငွေအား မျှဝေခံစား၍ အတူတူလုပ်ကိုင်လိုစိတ် ပိုမိုများပြားသည်ကို တွေ့ရသည်။

**အဆိုပါစိန်ခေါ် မှုများရှိသော်လည်းအမျိုးသမီးဥပဒေအထောက်အကူပြုသူများသည်အမျိုးသမီးစွမ်းဆောင်
ရည်မြှင့်တင်မှုနှင့်အမျိုးသမီးများသမားရိုးကျမြေယာအခွင့်အရေးများပိုမိုရရှိနိုင်ခွင့်အတွက်ကြိုးပမ်းမှုများတွင်
အားကောင်းသော ပါဝင်အားဖြည့်ပေးသူများဖြစ်ပါသည်။**

ပူးတွဲနှစ်ဦးအမည်ပေါက်လယ်ယာမြေမှတ်ပုံတင်ခြင်းလျှောက်ထားမှုအောင်မြင်ပြီးခဲ့သောအမှု၂မှုတွင်ညီ
အစ်ကိုနှစ်ယောက်၏လျှောက်ထားမှုနှင့်ယခင်အိမ်ထောင်ဖက်များသေဆုံးပြီးဒုတိယအကြိမ်မြောက်
လက်ထပ်ထားသော ဇနီးမောင်နှံ နှစ်ဦးတို့၏ အမှုများကို ခြုံငုံသုံးသပ်ပါက ထိုလျှောက်ထားစဉ်တွင် အဖွဲ့၏
ဥပဒေရေးရာ အထောက်အကူပြုသူသည် မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီ ၏ အဖွဲ့ဝင်ဖြစ်သည်။
ဇနီးမောင်နှံနှစ်ဦး၏အမှုသည်၎င်းတို့ကိုယ်တိုင်နှစ်ဦးပူးတွဲလျှောက်ထားရန်အကြံရပြီးတင်ပြလျှောက်ထား
ခြင်းဖြစ်သည်။သို့သော်လည်းပဲခူးတိုင်း၊စစ်ကိုင်းတိုင်းနှင့်ရှမ်းပြည်နယ်တို့တွင်ကျန်ရှိနေသောပူးတွဲ
လျှောက်ထားမှုစုစုပေါင်း   ၉၃   မှုသည်   အမျိုးသမီးဥပဒေရေးရာအထောက်အကူပြုသူများမှအများဆုံး
တာဝန်ယူဆောင်ရွက်ပေးနေပါသည်။အမျိုးသမီးဥပဒေရေးရာအထောက်အကူပြုသူအများစုယုံကြည်ယူဆ
ထားသည်မှာမြန်မာနိုင်ငံတွင် အမျိုးသမီးအခွင့် အရေး လှုပ်ရှားမှုနှင့် ပတ်သက်၍ အလွန်ပင်အားနည်းနေပြီး
ပူးတွဲမြေယာမှတ်ပုံတင်လျှောက်ထားခြင်းသည် အမျိုးသမီးများ မြေယာနှင့် ပတ်သက်၍ တနည်းအားဖြင့်
ရပိုင်ခွင့်မြှင့်တင်ဆောင်ရွက်ပေးရန်ရည်ရွယ်ပြီးအဆိုပါအချက်အားအမျိုးသမီးဥပဒေရေးရာအထောက်အကူ
ပြုသူများကအားသွန်ခွန်စိုက်အကောင်ထည်ဖော်၍အမျိုးသမီးအမှုသည်များအားပူးတွဲမြေယာမှတ်ပုံတင်
လျှောက်ထားရန် တိုက်တွန်းနှိုးဆော်နေဆဲဖြစ်သည်။




အမျိုးသမီးအမှုသည်အများစုသည်အမျိုးသမီးဥပဒေအထောက်အကူပြုသူများနှင့်တိုင်ပင်ဆွေးနွေးမှုများသည်ပိုမိုပွင့်လင်းမှုရှိကြပြီးအဆိုပါဥပဒေအထောက်အကူပြုသူများသည်အမျိုးသမီးများတွင်မြင်နေကျမဟုတ်သည့်လုပ်ငန်းတာဝန်များထမ်းဆောင်နေသောကြောင့်အမျိုးသမီးထုမှလည်းမိမိအခွင့်အရေးတောင်းဆိုရာတွင် ပိုမိုပြောဆိုမှု အားပိုကောင်းလာသည်ကို တွေ့ရသည်။

"အမှုမတိုင်ခင်ကဆိုရင် အပြင်ထွက်ဖို့ကြောက်တယ်။ အခုတော့ ကျွန်မက ခေါင်းဆောင်ဖြစ်နေပြီ"

ဒေါ်မြသန်းသည် အသက်၆၀ အရွယ်မုဆိုးမဖြစ်ပြီး မိခင်အိုကြီးနှင့် သားသမီးလေးဦး နှင့်အတူ စစ်ကိုင်းတိုင်း ကလေးမြို့ အနီးတွင် နေထိုင်ပါသည်။ သူမပိုင်ဆိုင်သောမြေသည် အခြားသော အိမ်ထောင်စု ၂၉ စု၏ မြေများနှင့်အတူ ၁၉၉၆ခုနှစ်တွင် တပ်မတော်မှ သိမ်းယူခြင်းခံလိုက်ရပါသည်။ ဥပဒေအထောက်အကူပြုသူမမြင့်မြင့်စိန်၏ အကူအညီဖြင့် (၂၀၁၄ ခုနှစ်တွင်) ဒေါ်မြသန်း နှင့် အခြားအမှုသည်များသည် မိမိတို့၏ မြေယာအခွင့်အရေးကို လေ့လာခဲ့ကြပြီး ပိုင်ဆိုင်မှု မြေယာများပြန်လည်ရရှိလာစေရန် စတင်ကြိုးပမ်းအားထုတ်ခဲ့ကြပါသည်။ ဦးရွှေမန်း ကလေးသို့ လာရောက်စဉ်အတွင်း ဒေါ်မြသန်းသည် အများကိုယ်စား အမှုဖြစ်စဉ်ကိုရပ်ရွာခန်းမတွင် ရှင်းလင်းတင်ပြခဲ့ပါသည်။ ဦးရွှေမန်းနှင့် လွှတ်တော်ကိုယ်စား လှယ်ဦးတင်လှိုင်တို့မှ တက်ရောက်ခဲ့ပြီး အဆိုပါ မြေများကိုပြန်ပေးမည်ဟုကတိပြုခဲ့ကြပါသည်။

သို့သော် အဆိုပါအမှုသည် ထူးခြားမှုတစ်စုံတစ်ရာမရှိပါ။ နောက်ဆုံး ဇွန်လ ၂၀၁၅ ခုနှစ်တွင် အမှုသည်များကို တပ်မတော်နှင့် တွေ့ဆုံရန် ဖိတ်ကြားခံပါသည်။ အဆိုပါမြေများအား ပြန်ပေးမည်မဟုတ်ကြောင်း၊ ကလေးမြို့နှင့်နီးပြီး တန်ဖိုးမြင့်တက်နေသည့် မြေများအတွက် လျော်ကြေးပေးမည်မဟုတ်ကြောင်း ဒေါ်မြသန်းကို အသိပေးပြောကြားခဲ့ပါသည်။

အဆိုပါ အမှုသည်မပြီးပြတ်သေးသော်လည်း ဒေါ်မြသန်းအနေဖြင့် သူမလုပ်ခဲ့သည့်အလုပ်ကို များစွာဂုဏ်ယူကြောင်း၊ အဆိုပါအမှုကြောင့် ရပ်ရွာအတွင်းခေါင်းဆောင်တစ်ဦးဖြစ်လာပြီ ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ "အမှုမတိုင်ခင်က ကျွန်မက ခေါင်းဆောင်မဟုတ်ပါဘူး။ အပြင်သွားရမှာလည်းကြောက်တယ်။ အခုမြေယာအမှုတွင် ဝင်ရောက်ဆောင်ရွက်လိုက်တော့ အမျိုးသမီးဥပဒေရေးရာအထောက်အကူပြုသူမှ မြေယာအခွင့်အရေးနှင့် ပတ်သက်၍ သင်ကြားခြင်းနှင့် အစိုးရအရာရှိများနှင့် ပြောဆိုဆက်ဆံမှုများ တွေ့ရသောကြောင့် ကျွန်မတို့လိုမိန်းမသားတွေလည်း ဒီလိုမျိုးလုပ်ဆောင်နိုင်တယ်ဆိုတာ တွေ့လိုက်ရတယ်"

# ၈. အစိုးရထံသို့ အကြံပြုချက်များ

**၁။အစိုးရမှ ရပ်ရွာလူထုများနှင့် အများဆုံး ဆက်ဆံဆောင်ရွက်မှုများပေးနေသော အစိုးရရုံးများအတွင်း မိမိဝန်ထမ်းများအားသင်တန်းများပို့ချခြင်းနှင့်အမျိုးသမီးအခွင့်ရေးများမြှင့်တင်ပေးခြင်း အသိပညာသင်တန်း ပေးပို့ခြင်း အထူးသဖြင့် မြို့နယ်၊ကျေးရွာ အုပ်ချုပ်ရေးမှူးများမှ (အမျိုးသားနှင့် အမျိုးသမီး များ ပူးတွဲမြေယာ မှတ်ပုံတင်ခြင်းရပိုင်ခွင့်များ၊လျှောက်ထားပိုင်ခွင့်များပြောကြားခြင်း)များဆောင်ရွက်ပေးသင့်ပါသည်။**
အမျိုးသားမြေအသုံးချမှုမူဝါဒသည်ပူးတွဲမြေယာပိုင်ဆိုင်ခွင့်နှင့်၎င်း၏အခွင့်အရေးကိုအသိအမှတ်ပြု ထည့်သွင်းဖော်ပြထားပါသည်။လယ်မြေမှတ်ပုံတင်ခြင်းအက်ဥပဒေသည်အဆိုပါအကြောင်းအရာနှင့် စပ်လျဉ်းပြီးသေချာရှင်းလင်းစွာဖော်ပြထားခြင်းမတွေ့ရပါ။အချို့သောမြို့နယ်မြေယာစီမံခန့်ခွဲရေးအဖွဲ့ အစည်းများသည်အချို့သောပူးတွဲမြေယာမှတ်ပုံတင်ခြင်းအားအောင်မြင်စွာလျှောက်ထားလက်ခံရရှိပြီး ၉၈% နှုန်းသောကျန်ရှိနေသောပူးတွဲမှတ်ပုံတင်ခြင်းအား ဖြေရှင်းဆောင်ရွက်နေဆဲပင်ရှိသေးသည်။ ပို့ချသင့်သည့် သင်တန်းတွင်ပူးတွဲမြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်အားဌာနတိုင်းရှိမြေယာစီမံခန့်ခွဲသူအရာရှိများအားလုံး ထံသို့ ပြောကြားပို့ချပေးရန်လိုအပ်သည်။

**၂။အမျိုးသားမြေအသုံးချမှုမူဝါဒနှင့်CEDAWနှင့်စပ်လျဉ်း၍သန္နိဋ္ဌာန်များချမှတ်ထိန်းသိမ်းမှုနည်းလမ်းတစ်ခုအဖြစ်ဥပဒေရေးရာအသိပညာပေးရေးလှုံ့ဆော်မှုများကိုအစိုးရအနေဖြင့်ရန်ပုံငွေ ထောက်ပံ့ပေးသင့်ပါသည်။**
မြန်မာအစိုးရသည်တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးရှိသည်ဟု အသိအမှတ်ပြု ထားပြီး လူမျိုးတစ်မျိုးစီ၏ ယဉ်ကျေးမှုများနှင့်ဓလေ့ထုံးတမ်းများကိုလည်းအသိအမှတ်ပြုသည်။အမျိုးသမီးများနှင့် အမျိုးသားများသည် တူညီသောမြေယာအသုံးပြုခွင့်နှင့် စီမံခန့်ခွဲခွင့် ရရှိရမည် ဟူသည့် အမျိုးသားမြေအသုံးချမှုမူဝါဒ အခန်း ၉ ပါအချက်ကို အစိုးရအနေဖြင့် ခိုင်ခိုင်မာမာ အသိအ မှတ်ပြု လေးစားရပါမည်။ CEDAW အဖွဲ့ဝင်နိုင်ငံ ဖြစ်သည့်အားလျော်စွာ မြန်မာအစိုးရအနေဖြင့်မိသားစုနှင့် အိမ်တွင်းနေထိုင်မှုဘဝအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံးတွင်အမျိုးသမီးများအားခွဲခြားဆက်ဆံမှုကိုပပျောက်စေရေးအတွက်တက်ကြွ သောအဆင့်များလုပ်ဆောင်ရန်တာဝန်ရှိပါသည်။Namati၏အတွေ့အကြုံများအရမြန်မာနိုင်ငံရှိ အမျိုးသမီး များ၏မြေယာအခွင့်အရေးနှင့်စပ်လျဉ်းသည့် မူဝါဒ ပြဋ္ဌာန်းမှုများ နှင့် လက်တွေ့အကောင်အထည် ဖော်ဆောင်မှုများကြားတွင် ကြီးမားသောကွာဟမှုရှိနေပါသည်။ ဥပမာ - အပိုဒ် ၇၅ (က) တွင် *မြေကို တစ်ဦးတည်း အမည်ပေါက်ထားရှိခွင့်၊ ပူးတွဲအမည်ပေါက်ထားရှိခွင့်* နှင့် *ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်* နှင့် အပိုဒ် ၇၅ (င) တွင် *မြေလုပ်ပိုင်ခွင့်နှင့် မြေ စီမံခန့်ခွဲမှုဆိုင်ရာ အမွေဆက်ခံခွင့်* စသည်ဖြင့်ဖော်ပြပါရှိပါသည်။ စာဖတ်ခြင်းစွမ်းရည်နှင့်အခြားဥပဒေအသိပညာမရှိဘဲထိခိုက်နစ်နာသောအုပ်စုအဖွဲ့များမှဥပဒေ အထောက်အပံ့ကိုးကား၍ပြောဆိုရမှုများတွင်စိန်ခေါ်မှုတစ်ခုဖြစ်နိုင်စေသည်။Namatiအဖွဲ့၏အတွေ့အကြုံ အရအမျိုးသမီးများသည်ပူးတွဲမြေယာမှတ်ပုံတင်ခြင်းလျှောက်ထားနိုင်ကြောင်းသိရှိလာသည့်အခါစိတ်ဝင်စား စွာလျှောက်ထားလိုကြသည်။အမျိုးသမီးဥပဒေရေးရာအထောက်အကူပြုသူများထံမှပိုမိုမြင့်မားသော ပူးတွဲ လျှောက်ထားမှုနှုန်းများအရထိုသို့လျှောက်ထားမှုနှုန်းမြင့်တက်လာမှုသည်ဥပဒေအထောက်အကူပြုသူများ က ဦးစားပေးဆောင်ရွက်နေသည့် ရပ်ရွာပညာပေးဆွေးနွေးမှုများကြောင့်ဟု ထင်မြင်ယူဆနိုင်သည်။

**၃။အမျိုးသားမြေအသုံးချမှုကောင်စီ၏နည်းပညာဆိုင်ရာအကြံပေးအဖွဲ့နှင့်ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ မြေယာ အသုံးချမှုကော်မတီများတွင် အမျိုးသမီးအဖွဲ့ဝင်များပါဝင်ခွင့်အား သက်မှတ်နေရာ ပေးသင့်ပါမည်။** မြန်မာနိုင်ငံက လက်မှတ်ရေးထိုးသဘောတူညီထားသည့် ၁၉၉၅ Beijing Framework for Action အရ ဆုံးဖြတ်ချက်ချမှတ်သည့် ရာထူးများ၏ ၃၀%သည် အမျိုးသမီးများအတွက် ဖြစ်ရပါမည်။ လက်ရှိတွင် ကျေးရွာအုပ်စု/ရပ်ကွက်အုပ်ချုပ်ရေးမှူး၁၆၇၅၈ဦးအနက်၄၂ဦးသာလျှင်(၁%အောက်)အမျိုးသမီးများဖြစ်ကြပါသည်။ကျေးရွာအုပ်စု/ရပ်ကွက်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီသည်မြေယာမှတ်ပုံတင်ရန်လျှောက်ထားသူထံမှပုံစံ-၁ကိုလက်ခံပေးမည့်ပထမဆုံးအဖွဲ့အစည်းဖြစ်ကာထို့နောက်အဆိုပါလျှောက်ထားမှုကိုမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီထံသို့ပေးပို့တင်ပြပါမည်။မြေယာစီမံခန့်ခွဲမှုအဖွဲ့အစည်းများတွင် အမျိုးသမီးများပိုမိုပါဝင်လာပါကအမျိုးသမီးများအတွက်မြေယာအခွင့်အရေးများပိုမိုရရှိစေရန်ကူညီပေးနိုင်မည်ဖြစ်ပါသည်။

**၄။သိမ်းဆည်းမြေများပြန်လည်ပေးအပ်သည့်အခါအမျိုးသမီးများ၏မြေယာအခွင့်အရေးကိုအစိုးရက အသိအမှတ်ပြုလေးစားပေးရမည်။** ဥပမာ- မိမိတို့၏အမည်ဖြင့် ပုံစံ ၇(လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်) လက်ဝယ်ရှိသူများအားမြေပြန်ပေးရာတွင်အစိုးရ ရုံးအနေဖြင့် မြေလက်ခံသူအား မိမိ၏ အမည်တင်မဟုတ်ပဲ (အိမ်ထောင်ဖက်အမည်(သို့)အခြားသူ)၏အမည်ကိုလည်းမြေနှင့်သက်ဆိုင်သည့်လက်မှတ်တွင် ထည့်သွင်းနိုင်ကြောင်း အသိပေးပြောကြားရပါမည်။ ပုံစံ ၇ မရှိသော မြေတောင်းဆိုသူများအတွက်မူ ပုံစံ ၁ (လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာ) လျှောက်ထားသည့် အချိန်တွင် ဇနီး၊ ခင်ပွန်း (သို့ အခြားသူ) အမည်ကို ပူးတွဲထည့်သွင်းထားနိုင်ကြောင်း အစိုးရအရာရှိများက အသိပေးရပါမည်။

**၅။ဥပဒေရေးရာအထောက်အကူပြုသူများသည် ပြည်သူများအား ထိရောက်သည့်နည်းလမ်းဖြင့် ရပ်ရွာလူထုများ၏ စွမ်းဆောင်မှုများအား မြှင့်တင်ပေးနိုင်သည့်သူများဖြစ်သည်ကို အစိုးရမှ အသိအမှတ်ပြုသင့်ပါသည်။**၂၀၁၆ အမျိုးသားမြေအသုံးချမှု မူဝါဒ အပိုင်း ၆၊ အပိုဒ် ၄၁(ဃ) တွင် "*မြေနှင့်သက်ဆိုင်သည့် အငြင်းပွားမှုများကို ဖြေရှင်းရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများအား ဥပဒေရေးရာ အကူအညီပေးခွင့်ပြုခြင်း နှင့် လိုအပ်သည့် သတင်းအချက်အလက်များ ရယူသုံးစွဲခွင့်ပြုခြင်း*" ဟုဖော်ပြထားပါသည်။ Namati ၏အတွေ့အကြုံများအရဥပဒေအထောက်အကူပေးရေးလုပ်ငန်းစဉ်သည်မြေယာအမှုများတွင်ဥပဒေအထောက်အပံ့များထိရောက်စွာရရှိစေရေးနှင့်အမျိုးသမီးဥပဒေရေးရာအထောက်အကူပြုသူများ ခန့်အပ်ခြင်း မှတဆင့် မြန်မာနိုင်ငံရှိ အမျိုးသမီးအား စွမ်းဆောင်ရည်မြှင့်တင်ပေးမှုကို တိုက်ရိုက် (သို့) သွယ်ဝိုက်သောနည်းလမ်းဖြင့် အကောင်အထည်ဖော်ဆောင်ရန်ဖြစ်သည်။

**၆။အမျိုးသားမြေအသုံးချမှုမူဝါဒသစ်မှအဆိုပြုသည့်ပြည်တွင်းမြေယာအသုံးပြုမှုအစီအစဉ်ရေးဆွဲရေး အတွက်အားလုံးပါဝင်ဆောင်ရွက်နိုင်သောလုပ်ငန်းစဉ်သည်ကျားမတန်းတူညီမျှမှုရှိသောစည်းမျဉ်းဥပဒေသများကို ဒေသစည်းမျဉ်းများတွင် ထည့်သွင်းနိုင်မည့် အခွင့်အရေးကောင်းဖြစ်ပါသည်။** ဒေသယဉ်ကျေးမှုနှင့် နောက်ခံအခြေအနေအရကျားမတန်းတူညီမျှမှုကိုအကောင်းဆုံးထည့်သွင်းအကောင်အထည် ဖော်နိုင်စေရန် ခရိုင်မြေအသုံးချမှုကော်မတီများကို စွမ်းရည်မြှင့်တင်ပေးရပါမည်။ အစိုးရအနေဖြင့် ပြည်တွင်းမြေအသုံးချမှု

အစီအစဉ်များကိုချမှတ်ကျင့်သုံးခြင်းမပြုခင်အမျိုးသားမြေအသုံးချမှုမူဝါဒသစ်တွင်ဖော်ပြထားသော ကျားမပြဌန်းချက်များနှင့် ကိုက်ညီမှုရှိစေရန် ကြိုတင်ညှိနှိုင်းဆောင်ရွက်မှုများ လုပ်ဆောင်ရပါမည်။

# ၄. အရပ်ဘက်လူမှုအဖွဲ့အစည်းများထံသို့ အကြံပြုချက်များ

**၁။ဥပဒေရေးရာအထောက်အကူပေးရေးအစီအစဉ်များအကောင်အထည်ဖော်ရန်အစပျိုးနေသည့် အဖွဲ့အစည်းများအနေဖြင့်အမျိုးသမီးဥပဒေရေးရာအထောက်အကူပြုသူများအား တက်ကြွစွာ ခန့်အပ်ထားရှိရန် နှင့်ထိုအမျိုးသမီးများအတွက် သင့်တော်သောလုပ်ငန်းခွင်ဖန်တီးပေးခြင်း။** Namati၏ အတွေ့အကြုံအရ ဥပမာ - အမျိုးသမီး ဥပဒေ အထောက်အကူပြုသူအချင်းချင်း အတူလက်တွဲဆောင်ရွက်စေခြင်းဖြင့် ရပ်ရွာမှ အမျိုးသမီး ဥပဒေ အထောက်အကူပြုသူများ ကြုံတွေ့နေရသည့် လုံခြုံရေးပြဿနာနှင့် ယဉ်ကျေးမှုအရ ထင်မြင်ယူဆမှုများကိုကျော်လွှားနိုင်မည်ဖြစ်ပါသည်။မိသားစုနှင့်အတူနေအမျိုးသမီးများအားပိုမိုပါဝင် လုပ်ကိုင်နိုင်ရန် အချိန်ပိုင်းအလုပ်များကိုလည်းဖန်တီးထားရှိသင့်ပါသည်။

**၂။လက်တွေ့အလုပ်ဖြစ်သော၊လက်တွေ့အလုပ်မဖြစ်သေးသောတီထွင်ဖန်တီးမှုအားကောင်းသော လုပ်ထုံးလုပ်နည်းများမျှဝေရန်။**ဥပဒေအထောက်အကူပြုသူများ၏အခန်းကဏ္ဍသည်မြန်မာနိုင်ငံတွင် ရင်းနှီးကျွမ်းဝင်မှုမရှိသေးပါ။ဥပဒေရေးရာစွမ်းဆောင်မှုနှင့်တရားမျှတမှုရရှိရေးဝန်ဆောင်မှုများပေးနေသည့်အဖွဲ့အစည်းများသည် နိုင်ငံအတွင်း များပြားလာလျက်ရှိပါသည်။ ပြည်တွင်းစီမံခန့်ခွဲမှုနှင့် တရားမျှတ မှု ရရှိရေးကဏ္ဍတို့တွင် အမျိုးသမီးများအား ခေါင်းဆောင်များအဖြစ် ပါဝင်စေရန်အလို့ငှာ လက်တွေ့ ဆောင်ရွက်နေသူများအနေဖြင့် မည်သည့်တို့ကလုပ်ငန်းခွင်နှင့်သင့်တော်ပြီးမည်သည့်တို့ကသင့်တော်မှုမရှိဟူသည့်အချက်ကိုအတွေ့အကြုံကို အခြေပြုပြီး မျှဝေပေးရန် ကျွန်ုပ်တို့အဖွဲ့မှ တိုက်တွန်းလိုပါသည်။

**၃။မြန်မာနိုင်ငံတွင်အမျိုးသမီးများ၏မြေယာအခွင့်အရေးနှင့်စပ်လျဉ်းသည့် ဥပဒေရေးရာ အခြေအနေများကို အလေးပေးပြီး အမျိုးသမီးအမှုသည်များကိုဝန်ဆောင်မှုပေးနိုင်ရန် ကြိုးစားဆောင်ရွက်ပါ။** မြန်မာနိုင်ငံရှိ ကျေးလက်နေပြည်သူများသည် မြေယာအခွင့်အရေးအပါအဝင် ဥပဒေရေးရာ အသိပညာများ မသိရှိကြပါ။ ဥပဒေအသိပညာမရှိဘဲထိခိုက်နစ်နာသောအုပ်စုအဖွဲ့များမှဥပဒေအထောက်အပံ့ကိုးကား၍ ပြောဆိုရမှုများ တွင် စိန်ခေါ်မှုတစ်ခုဖြစ်နိုင်စေသည်။ အမျိုးသမီးများသည် ခွင့်ပြုနိုင်မှုနှင့် ဖြစ်နိုင်ချေကို သိရှိလာသည့်အခါ မြေယာပူးတွဲမှတ်ပုံတင်ခြင်းကိုခင်ပွန်းသည်နှင့်အတူလုပ်ဆောင်ရန်ကြိုးစားလာကြပြီးသူတို့ကိုယ်တိုင် အတွက် ရော၊ ၎င်းတို့၏ သားသမီးများအတွက်ပါ မြေအသုံးပြုခွင့်ကို ထိန်းသိမ်းတတ် လာပါသည်။

# ၁၀. နည်းလမ်း

ဤအကျဉ်းချုပ်ပြုစုမှုအတွက်ကောက်ယူထားသောအရေအတွက်အခြေပြုအချက်အလက်များသည် Namatiဥပဒေရေးရာအထောက်အကူပြုသူများကွန်ယက်မှဥပဒေရေးရာအထောက်အကူပြုသူများ၏ မြေယာနှင့်ပတ်သက်သည့်အမှုများအားကူညီလုပ်ဆောင်မှုများအား ၂၀၁၃ခုနှစ်ဩဂုတ်နှင့်၂၀၁၆ ဇန်နဝါရီလကြားတွင်ကောက်ယူခဲ့ခြင်းဖြစ်သည်။ Namatiမှ လုပ်ဆောင်နေသည့် ရည်မှန်းချက် ပြည်နယ်နှင့် တိုင်းဒေသကြီးတစ်ခုစီရှိသတ်မှတ်မြို့နယ်များတွင်ဥပဒေအထောက်အကူပြုသူများကိုထားရှိပြီးအမှုသည်များကတောင်းဆိုလာပါကအခြားဒေသရှိအမှုများလိုက်ပါဆောင်ရွက်ပေးပါသည်။ထို့ကြောင့်ယခုအချက်အလက်များသည်တစ်နိုင်ငံလုံးအတိုင်းအတာကိုလွှမ်းခြုံနိုင်ခြင်းမရှိပါ။မြန်မာနိုင်ငံတွင်ဖြစ်ပွားနေသောအမျိုးသမီးများနှင့် ဆက်စပ်နေသည့် မြေယာအခွင့်အရေးများအားလုံးကို ကိုယ်စားပြုသည် (သို့) အားလုံးပါဝင်သည်ဟုမဆိုနိုင်ပါ။သို့ရာတွင်မြန်မာ့ဥပဒေများကိုလိုက်နာကျင့်သုံးနေသူများအတွက်မြင်သာမှုတစ်ခုရှိစေရန်ဖော်ပြခြင်းဖြစ်ပြီးမြေယာအမှုပေါင်း၃၀၀ကျော်မှရရှိလာသောအရည်အသွေးနှင့်အရေအတွက်ကိုအခြေပြုထားသောအချက်အလက်များပါဝင်ပါသည်။ဤအကျဉ်းချုပ်ပြုစုမှုအတွက်အချက်အလက်များ ပြည့်ပြည့်စုံစုံပါဝင် နိုင်ရန် ကနဦးကတည်းက အမှုပေါင်း ၂၃၁၅ ကို လေ့လာခဲ့ပါသည်။ အမှုတစ်မှုစီအတွက် ဥပဒေအထောက် အကူပြုသူများက အချက်အလက် ခြောက်ဒါဇင်ကျော်ကို မှတ်တမ်းတင်ခဲ့ကြပါသည်။ ရပ်ရွာအခြေပြု ဥပဒေအထောက်အကူပြုသူများအဖြစ် အချိန်ပြည့် တာဝန်ထမ်းဆောင်နေစဉ် အမှုတစ်မှုချင်းစီတိုင်းအားအရည်အသွေးဆိုင်ရာအချက်အလက်များကောက်ခံခြင်း၊ပါဝင်ပတ်သက်နေသော ရပ်ရွာပြည်သူများနှင့် ဗျူရိုကရေစီ လုပ်ငန်းစဉ် ကိုလည်းသတိပြုလုပ်ဆောင်ခဲ့ပါသည်။

အမျိုးသမီးဥပဒေအထောက်အကူပြုသူများကိုတွေ့ဆုံမေးမြန်းပြီးချင်းပြည်နယ်၊ရှမ်းပြည်နယ်နှင့်စစ်ကိုင်းတိုင်းတို့တွင်အမျိုးသမီးအမှုသည်များနှင့်ဦးစားပေးအဖွဲ့များအားမေးမြန်းခြင်းပြုလုပ်ခဲ့ပါသည်။ဖြစ်နိုင်လျှင် အဆိုပါ အမျိုးသမီးအဖွဲ့များအား အမျိုးသားများမပါဝင်စေဘဲ မေးခွန်းများမေးမြန်းခဲ့ပါသည်။ အချို့မေးမြန်းမှုထက်ဝက်ခန့်တွင်Namatiမှဘာသာပြန်သူဝန်ထမ်းအမျိုးသားတစ်ဦးသာလျှင်ပါဝင်ပါသည်။အချို့မေးမြန်းမှုများတွင် အနည်းဆုံး အမျိုးသားတစ်ဦးပါဝင်ပြီး ထိုသူအား မေးမြန်းမှုအားဝင်ရောက်နှောက်ယှက် ခြင်းမပြုရန်ပြောကြားခဲ့သည်။ သို့သော်လည်း ဝင်ရောက်ပြောဆိုမှုအချို့ပြုလုပ်သည်ကို တွေ့ရှိရပြီး အချို့အချက်များတွင်အမျိုးသမီးများ၏လေယူလေသိမ်းပြောဆိုမှုများအားနားမလည်မည်စိုး၍ဝင်ရောက်ပြောကြားခြင်းဖြစ်သည်။

# ၁၁. Namati

Namati သည် ဥပဒေရေးရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းကို အလေးထားသည့် အပြည်ပြည်ဆိုင်ရာ NGO တစ်ခုဖြစ်ပါသည်။ ကမ္ဘာလူဦးရေအနက် ၄ ဘီလီယံသည် ဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုပြင်ပတွင် နေထိုင်ရသည်ဖြစ်ရာNamatiအနေဖြင့်ဥပဒေကိုပြည်သူများ၏လက်အတွင်းထည့်ပေးရန်ရည်ရွယ်ပါသည်။ Namatiသည်ရပ်ရွာအခြေပြုရှေ့နေမဟုတ်သောဥပဒေအထောက်အကူပြုသူများဟုခေါ်သည့်အောက်ခြေ ဥပဒေအကြံပေးမှုဆိုင်ရာလုပ်ရှားမှုအစီအစဉ်ကိုတည်ဆောက်လျှက်ရှိပြီးအဆိုပါရပ်ရွာအခြေပြု ဥပဒေအထောက်အကူပြုသူများကဥပဒေနှင့်လက်တွေ့ဘဝကိုတံတားသဖွယ်ပေါင်းကူးပေးကာရပ်ရွာ ပြည်သူများနှင့်လက်တွဲပူးပေါင်းဆောင်ရွက်ပါသည်။မြေယာနှင့်ပတ်ဝန်းကျင်ကိုစောင့်ရှောက်ပေးရန်၊ ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာစေရန် နှင့် နိုင်ငံသားအခွင့်အရေးကို ရရှိလုံခြုံစေရန် စသည့် အခြေခံအခွင့်အရေးများကို ရရှိနိုင်ရန် Namati သည် နိုင်ငံ ရှစ်နိုင်ငံတွင် အမှုသည် ၄၀,၀၀၀ကျော်နှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ Namati အနေဖြင့် အဆိုပါ အောက်ခြေအတွေ့အကြုံများမှတဆင့် ဥပဒေနှင့်ဥပဒေကိုအသုံးပြုမည့်အဖွဲ့အစည်းများ၏အကြီးစားဖွဲ့စည်းပုံပြုပြင်ပြောင်းလဲမှုကို ရှာဖွေသွားပါမည်။

Namatiသည် ၂၀၁၃ ခုနှစ် အစောပိုင်းတွင် မြန်မာနိုင်ငံတွင် အစီအစဉ်တစ်ခု ချမှတ်ပြီး မြေယာအခွင့်အရေး (မှတ်ပုံတင်ခြင်း၊ အမျိုးအစားပြန်လည်ခွဲခြားခြင်းနှင့် မြေယာသိမ်းယူမှုများ) ကို သီးခြားအလေးအနက်ထား လုပ်ဆောင်ပါသည်။ ၂၀၁၃ ခုနှစ် ဩဂုတ်လ မှ ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်းတွင် မြန်မာနိုင်ငံမှ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် နိုင်ငံသား နှင့် နိုင်ငံရေးအခွင့်အရေး လှုပ်ရှားဆောင်ရွက်မှု အဖွဲ့  နှင့် ပူးပေါင်းကာ ပြည်နယ်နှင့် တိုင်းဒေသကြီး ခုနစ်ခု ဖြစ်သည့် ပဲခူး၊ ဧရာဝတီ၊ ကယား၊ မကွေး၊ မွန်၊ စစ်ကိုင်းနှင့်ရှမ်းပြည်နယ်ရှိတောင်သူလယ်သမားများကိုအကူအညီပေးနေသည့်ဥပဒေအထောက်အကူပြုသူ ၃၀ဦးပါဝင်သည့်ကွန်ယက်ကို သင်တန်းပို့ချ ပံ့ပိုးပေးခဲ့ပါသည်။ ထိုမှအစပြုကာ ဥပဒေအထောက်အကူပြုသူ ၉၁ဦးပါဝင်သည့် ကွန်ယက်ဖြစ်လာပြီး အထက်ချင်းတွင်းလူငယ်ကွန်ရက်, သံလွင်သစ္စာ, တောင်သူဖွံ့ဖြိုးရေး သင်တန်းကျောင်း,မျှဝေကရုဏာ,လူ့အခွင့်အရေးစောင့်ကြည့်ကာကွယ်ရေးအဖွဲ့ စသည့် ဒေသခံအဖွဲ့အစည်း ၅ခုနှင့်ပူးပေါင်းချိတ်ဆက်ထားကာမြေယာမဏ္ဍိုင်အဖွဲ့နှင့် လည်း အစိုးရထံသို့ အသိပေးတောင်းဆိုမှုများအား လက်တွဲ လုပ်ကိုင်လျက်ရှိပါသည်။

# ၁၂. ကျေးဇူးတင်လွှာ

Namati၏ မြန်မာနိုင်ငံဆိုင်ရာ Program Officer ဖြစ်သူ Caitlin J. Pierce နှင့် Namati၏ မြန်မာနိုင်ငံဆိုင်ရာ Program Associate ဖြစ်သူ နန့်သီသီဦး တို့က ဤအကျဉ်းချုပ်တင်ပြချက်ကို သုတေသနပြုပြီး ရေးသားခဲ့ပါသည်။ စာရေးသူများကို caitlinpierce@namati.org နှင့် nantthithioo@namati.org တို့တွင် ဆက်သွယ်နိုင်ပါ သည်။ ဦးဆောင်အယ်ဒီတာအဖြစ် Mr. Vivek Meru က ဆောင်ရွက်ခဲ့ပြီး အခြား Namatiအဖွဲ့ဝင်များဖြစ်သူ ညီညီထွေး၊ Mr.Tim Millar၊ နှင့် Ms. Laura Goodwin တို့သည်လည်း အချက်အလက်များစစ်ဆေးခြင်းနှင့် တည်းဖြတ်ခြင်းတို့တွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ပါသည်။

အချက်အလက်များပေးကာ ၎င်းတို့၏ မဆုတ်မနစ်သောလုပ်ဆောင်ချက်ဖြင့် မြေယာ အခွင့်အရေးများကို တောင်းဆိုရာတွင် မြန်မာ့ရပ်ရွာလူထုများကို ထောက်ပံ့ပေးသည့် အောက်ပါ ဥပဒေရေးရာ အထောက်အကူပြုသူများကိုလည်း ကျေးဇူးတင်အပ်ပါသည် - ဝင်းစန္ဒာထွေး၊ မိုင်ခင်မာရီ၊ မော်မော်စန်း၊ မဦး၊ ရီရီဝင်း၊ မိုင်နီလာအေး၊ မေသဇင်ဖူး၊ ဇင်ထားနိမ်၊ ခင်မြင့်အေး၊ ချမ်းငြိမ်းအေး၊ မေရှိုင်းဟန်၊ မြင့်မြင့်စိန်၊ မော်အုန်းမေ၊ နန်းမာလာသိန်း၊ အောင်မြတ်စိုး၊ ထွန်းထွန်းမြင့် နှင့် နောက်ဆုံးတွင် ခေါ်ဒါ ချင်းရွာတွင် နေထိုင်သော ဆမ ၏ ညွှဝတ်ပျူငှာသော အိမ်ရှင်အဖြစ်လက်ခံဆောင်ရွက်ပေးမှုနှင့် သူမ၏ ရပ်ရွာတွင် ကြုံတွေ့နေရသော စိန်ခေါ်မှုများအတွက် အတုယူစံထားထိုက်သော စိတ်အားထက်သန်မှုနှင့် ခေါင်းဆောင်မှုအတွက် ကျေးဇူးတင်အပ်ပါသည်။